မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၄၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ စနေနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

နိုင်ငံအတွင်း တိုင်းရင်းသားပေါင်းစုံ အတူတကွယှဉ်တွဲနေထိုင်ရေး လက်တွဲဖော်ဆောင်ရမည့် အချိန်အခါဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

ချစ်ခင်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား။

ဖေဖော်ဝါရီလ ၂၀ ရက်မှာ ကျရောက်တဲ့ (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် မိမိအနေနှင့် များစွာဂုဏ်ယူမိပါသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၌ မိမိတို့တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ခြင်းမှာ အရေးကြီးဆုံး အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့ပါသည်။ ထိုတိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးအတွက် အရေးပါဆုံးဖြစ်သည့် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် နိုင်ငံရေးလိုအပ်ချက်ဖြစ်သည့် တောင်တန်းဒေသများနှင့်ပြည်မ အတူတကွလွတ်လပ်ရေးရယူကြမည်ဟူသော ခိုင်မာသည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်များ၏ အခြေခံများအဖြစ် ပါဝင်သည့် အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုပြီး လွတ်လပ်ရေးရယူနိုင်ခဲ့ပါသည်။

ပင်လုံစာချုပ်ချုပ်စဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ခဲ့သည့် အခြေခံမူများ အသက်ဝင်ရှင်သန်မည့် ပြည်ထောင်စုတစ်ရပ်ကို ပင်လုံစိတ်ဓာတ်ဟု ခေါ်ဆိုရမည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် လက်တွဲတည်ဆောက်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခု ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ချင်းပြည်နယ် ဖလမ်းမြို့၌ အနယ်နယ်အရပ်ရပ်မှ ချင်းအမျိုးသားများစုဝေးကြပြီး ချင်းဒေသအတွင်း ခေတ်အဆက်ဆက်က ကျင့်သုံးခဲ့သည့် ကံကျွေးချုပ်ချုပ်သည့်စနစ်ကို ဖျက်သိမ်း၍တလိုင်းဆွန်နယ်တွင် ကျင့်သုံးခဲ့ကြသည့် ပြည်သူလူထုအများစု၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်အုပ်ချုပ်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးရန် ဆုံးဖြတ်ချက်ချခဲ့ကြပြီး ခေတ်သစ်နိုင်ငံရေးသမိုင်းအတွက်အရေးပါသည့် နိုင်ငံရေးတက်လှမ်းမှုတစ်ခုကို စတင်နိုင်ခဲ့ပါသည်။ ထိုတက်လှမ်းနိုင်ခဲ့မှုကို ဂုဏ်ပြုသောအားဖြင့် ၁၉၅၀ အောက်တိုဘာလ ၉ ရက်နေ့တွင် ချင်းရေးရာကောင်စီက ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုကဲ့သို့ ပြည်သူက ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးရန် ဆုံးဖြတ်သည့်နေ့တစ်နေ့ကို ယခုအခါတွင် ချင်းအမျိုးသားနေ့အဖြစ် ကျင်းပလာနိုင်ခဲ့ခြင်းသည် လက်ရှိနိုင်ငံရေးဖြစ်ထွန်းမှုများနှင့် သဟဇာတဖြစ်သည့် ကိစ္စရပ်တစ်ခုအဖြစ် တွေ့မြင်ရမည်လည်း ဖြစ်ပါသည်။

ချင်းပြည်နယ်သည် အရွယ်အစားအားဖြင့် သေးငယ်ပြီး ဝေးလံခေါင်းပါးသည့် ဒေသတွင် တည်ရှိသော်လည်း လူသားအရင်းအမြစ် မွေးထုတ်နိုင်သည့် စွမ်းရည်မြင့်မားခြင်းမှာ ထူးခြားသည့် စွမ်းရည်တစ်ရပ်ပင်ဖြစ်ပါသည်။ ထိုအချက်ကို ထင်ရှားသည့် ချင်းအမျိုးသားနိုင်ငံရေးခေါင်းဆောင်များ၊

စာမျက်နှာ ၃ ကော်လံ ၁ ❖

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် ကတ်ပြားထုတ်ယူခွင့်နှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၁၄ ခုနှစ် မတ် ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့်ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ ဓာတ်ပုံကပ်ထားသော ခုံအမှတ်စဉ်ပါသည့် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (တနင်္လာနေ့)မှစ၍လည်းကောင်း၊ ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ လည်းကောင်း စာမေးပွဲရက်မတိုင်မီ ထုတ်ယူကြရန်ဖြစ်ကြောင်း။

အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုကြမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ လည်းကောင်း အသီးသီးထုတ်ယူနိုင်ကြကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်လုပ်ငန်းများ၌ ပြည်ပမှ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေ

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာက စိတ်ဝင်စားလျက်ရှိရာ အထူးသဖြင့် ဟိုတယ်လုပ်ငန်းများ၌ရင်းနှီးမြှုပ်နှံမှုပြုရန် ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ “လောလောဆယ်မှာ တော့ရင်းနှီးမြှုပ်နှံသူတွေက ဟိုတယ်လုပ်ငန်းမှာ စိတ်ဝင်စားနေတာရှိတယ်။ အခြေအနေကိုစောင့်ကြည့်နေပြီး

စာမျက်နှာ ၉ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တောင်ဇလပ်ပန်းတို့ လန်းရာမြေ

ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမများဖြစ်ကြသည်။ ကျွန်ုပ်တို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရှေးပဝေသဏီကတည်းက စုစည်းညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြပါသည်။ အချင်းချင်းရိုင်းပင်းကူညီ ချစ်ကြည်လာခဲ့ကြသည်။

ယခုအခါ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ ချင်းအမျိုးသားနေ့ကို ကျင်းပနိုင်ခဲ့သည်မှာ နှစ်အားဖြင့် (၆၆)နှစ်သို့ တိုင်ခဲ့ပြီဖြစ်ပါသည်။ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်ခဲ့သော ချင်းအမျိုးသားနေ့သည် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအတွက်သာမက မြန်မာပြည်သူပြည်သား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအတွက် ဂုဏ်ယူဖွယ်ရာနေ့ပင် ဖြစ်သည်။ မိသားစုဝင်တစ်ဦး၏ မွေးနေ့ကို ညီအစ်ကိုမောင်နှမအားလုံးက ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ကြရသကဲ့သို့ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ချင်းအမျိုးသားနေ့ကိုလည်း တိုင်းရင်းသားအားလုံးက ဂုဏ်ယူဝမ်းမြောက်ကြရပါသည်။ ချင်းတိုင်းရင်းသားများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းမြောက်ပီတိဖြစ်ကြရပါသည်။ ချင်းပြည်နယ်ကြီး အမြန်ဆုံးတိုးတက်ကြီးပွားရေးသည် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးက ထားရှိကြသည့် စိတ်ရင်းစေတနာအမှန်ပင် ဖြစ်ပါသည်။

သို့သော် ချင်းပြည်နယ်သည်ကား တောင်တန်းဒေသတစ်ခုဖြစ်သည့်အလျောက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ မကြာမီနှစ်များအတွင်း တိုးတက်လာသော ပြည်နယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာတော့မည် ဖြစ်ပါသည်။ နယ်မြေဒေသအေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ချင်းပြည်နယ်သည်လည်း တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ချင်းပြည်နယ်ကြီး အမြန်ဆုံးတိုးတက်လာစေရေး နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပညာရေး၊ ကျန်းမာရေးသာမက လမ်းပန်းဆက်သွယ်ရေး နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးတိုးတက်ရရှိရေး အစရှိသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ဤသည်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းထားရှိသည့် စေတနာအရင်းခံအကြောင်းတရားလည်း ဖြစ်ပါသည်။

ချင်းပြည်နယ်ကြီး တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားအားလုံးမှာလည်း အသီးအပွင့်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။ အေးမြထုံသင်း မွှေးကြိုင်လျက်ရှိသော တောင်ဇလပ်ပန်းများကဲ့သို့ ချင်းတိုင်းရင်းသားတို့၏ လူမှုဘဝသည်လည်း သာယာဝပြောလာတော့မည် ဖြစ်ပါသည်။ ပြည်ထောင်စုဥယျာဉ်ကြီးအတွင်း တောင်ဇလပ်ပန်းရနံ့တို့ ပိုမိုမွှေးကြိုင်ပျံ့နှံ့လာတော့မည် ဖြစ်ပါသည်။ ဤ (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့မှသည် ချင်းပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ တောင်ဇလပ်ပန်းများသည်လည်း ပို၍ပို၍ ပွင့်လန်းလာတော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အာဆီယံဆိုင်ရာအစည်းအဝေးများ စဉ်ဆက်မပြတ်ပြုလုပ်မည်ဖြစ်ရာ လုံခြုံရေးအထူးဂရုပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးငြေးအောင်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ကျောက်စိမ်း အစည်းအဝေးခန်းမ၌ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ ဟိုတယ်အထွေထွေမန်နေဂျာများ၊ မန်နေဂျာများအား ဟိုတယ်လုံခြုံရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ တွေ့ဆုံမှာကြားသည်။ **(အောက်ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ဟိုတယ်သုံးပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများအား စနစ်တကျကိုင်တွယ်အသုံးပြုရန် အာဆီယံဆိုင်ရာအစည်းအဝေးများစဉ်ဆက်မပြတ်ပြုလုပ်နေမည်ဖြစ်ရာ လုံခြုံရေးအထူးဂရုပြုရန် ဟိုတယ်အလိုက် အရည်အသွေးပြည့်မီသော CCTV ကင်မရာများ၊ Walk-Through စက်များ စနစ်တကျထားရှိရန်နှင့် အဆိုပါ CCTV ကင်မရာများအား တပ်ဆင်ထားရုံသာမဟုတ်ဘဲ စနစ်တကျအကျိုးရှိစွာ အသုံးချရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက နေပြည်တော်ကောင်စီနယ်မြေနှင့်ဟိုတယ်များ၏ လုံခြုံရေးကိစ္စရပ်များအား နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ဟိုတယ်များအနေဖြင့် ခြံစည်းရိုးများကာရံရန်နှင့် ဟိုတယ်အခန်းသော့များအား ကတ်စနစ်သို့ပြောင်းလဲရန် အကြံပြုလိုကြောင်း၊ CCTV ကင်မရာများ အရည်အသွေးမြင့်မားရန်လိုအပ်ကြောင်း၊ ဟိုတယ်များအနေဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား နေပြည်တော်ကောင်စီနှင့်ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ ကမ္ဘာလှည့်ခရီးသည်လုံခြုံရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ မန်နေဂျာများ၊ တာဝန်ခံများ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၌အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ် ၂၀၁၅ အောင်မြင်စွာကျင်းပနိုင်ရေး အကြိုဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးငြေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းနှင့်ဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ စင်ကာပူနိုင်ငံ Singapore Pte.,Ltd မှ Executive Director Mr.Jason Ng နှင့် MVG Company တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ Singapore Pte.,Ltd မှ Executive Director Mr.Jason Ng က အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ် ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အစည်းအဝေးများနှင့် ခရီးသွားလုပ်ငန်းပြခန်းများ ခင်းကျင်းရန်လျာထားမှု၊ ပြခန်းများ ရောင်းချရေး စီစဉ်ထားမှု၊ ဖွင့်ပွဲ၊ ပိတ်ပွဲများအတွက် လျာထားခန်းမများ၏ အနေအထားများ၊ ခရီးစဉ်ရောင်းချသူ (Seller)၊ ခရီးစဉ် ဝယ်ယူသူ (Buyer) များ၊ တည်းခိုနေထိုင်ရန်အခန်းများ စီစဉ်ဆောင်ရွက်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

အာဆီယံလုပ်ငန်းဖိုရမ်အား အာဆီယံအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် ဇန်နဝါရီလတွင် အိမ်ရှင်အဖြစ် အလှည့်ကျလက်ခံဆောင်ရွက်ကြပြီး အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့်အတူ ခရီးသွားလုပ်ငန်းပြပွဲကို ခင်းကျင်းပြသခြင်းဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်ရန်အလှည့်ကျရောက်ပြီး အဆိုပါ ကာလတွင် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစည်းအဝေးများနှင့်တစ်ဆက်တစ်စပ်တည်း အာဆီယံခရီးသွားလုပ်ငန်းပြပွဲကိုလည်း ပြခန်းပေါင်း ၄၀၀ ကျော်ဖြင့် ကျင်းပလေ့ရှိပြီး အာဆီယံနိုင်ငံများမှ ဝန်ကြီးအဆင့်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်၊ အဆင့်မြင့်အရာရှိ ကိုယ်စားလှယ်ကြီးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ခရီးစဉ်ဝယ်ယူသူများ၊ ရောင်းချသူများနှင့် သတင်းမီဒီယာများ စုစုပေါင်း ၂၀၀၀ ကျော်ခန့် နှစ်စဉ်တက်ရောက်လေ့ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

တန်ဖိုးနည်းဖုန်းဆင်းကတ်များ မြို့နယ်အတွင်းရှိ သံဃာတော်များအား ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်တွင်ရှိသော ဘုန်းတော်ကြီးကျောင်း ၁၀၅၉ ကျောင်းတွင် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် ဝါဆိုသံဃာစာရင်းအရ သီတင်းသုံးနေထိုင်ကြသည့် သံဃာတော် ၅၂၃၅ ပါးအား ပြည်တွင်း ပြည်ပသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် တန်ဖိုးနည်း ၁၅၀၀ ကျပ်တန် ဖုန်းဆင်းကတ်များကို သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိသူများက ဘုန်းတော်ကြီးများသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်ကောင်စီဝင် ဦးသန်းငွေက ပုဗ္ဗသီရိမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း ၉၅ ကျောင်းရှိ ဝါဆိုသံဃာ ၃၇၃ ပါး၊ သီလရှင်ကျောင်းနှစ်ကျောင်းမှ သီလရှင်ကိုးပါးတို့အား သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပူတာအို ဖေဖော်ဝါရီ ၂၁

ဆိုလာပြားများ ပေးအပ်

ကျေးလက်ဒေသ မီးလင်းရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးသော ဆိုလာပြားများ ပေးအပ်ပွဲအခမ်းအနားကို ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာအုပ်စု မူလာအွန်ကျေးရွာ ခရစ်တော်ဘုရားရှိခိုးကျောင်း၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ဆက်လက်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ မူလာအွန်ကျေးရွာအတွက် ထောက်ပံ့ပေးပို့သော ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ၁၄၃ စုံကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းဇော်အေးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။အဆိုပါ ဆိုလာပြားများသည် တစ်စုံလျှင် ကာလတန်ဖိုးငွေကျပ် နှစ်သိန်းနှုန်းဖြင့် မူလာအွန်ကျေးရွာရှိ အိမ်ခြေ ၁၄၃ အိမ်အတွက် ၁၄၃ စုံပေးအပ်ခဲ့သည့်အပြင် ပူတာအိုမြို့နယ် ဆွမ်ပီယာန်ကျေးရွာရှိ အိမ်ခြေ ၁၄၃ အိမ်အတွက် ၁၄၃ စုံကို ဖေဖော်ဝါရီ ၁၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သွေးသည်အသက်

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(တင်ဒါပိတ်ရက်တိုးမြှင့်သတ်မှတ်ခြင်း)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူရရှိနိုင်ရန်(၃/၂၀၁၄)ကြိမ်မြောက်အဖြစ် ၅-၂-၂၀၁၄ ရက်မှစတင်၍ ပြည်တွင်းထုတ်နိုင်ငံပိုင်သတင်းစာများမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူထားပြီးဖြစ်ပါသည်။

၂။ အဆိုပါအိတ်ဖွင့်တင်ဒါများအနက် တင်ဒါအမှတ် IFB-184(2013-2014)Assorted Sizes of Seamless Casing(10)Items အား လုပ်ငန်းလိုအပ်ချက်အရ ပစ္စည်းအမျိုးအမည်/အရေအတွက်/ပစ္စည်းအရည်အသွေး/စံချိန်စံညွှန်းများ ပြည့်စုံစွာ ထပ်မံဖြည့်စွက်မည်ဖြစ်ပါ၍ တင်ဒါပိတ်ရက်အား ၂၆-၃-၂၀၁၄ ရက် ၁၆:၃၀ နာရီအထိ တိုးမြှင့်သတ်မှတ်ကြောင်းနှင့် တင်ဒါပုံစံအသစ်များအား ၂၆-၂-၂၀၁၄ရက်မှ စတင်ဝယ်ယူရရှိနိုင်ကြောင်း ကြေညာအပ်ပါသည်။

၃။ တင်ဒါပုံစံဝယ်ယူရရှိပြီးသူများအနေဖြင့် ၂၆-၂-၂၀၁၄ရက်မှစတင်၍ တင်ဒါပုံစံအသစ်များနှင့် ပြန်လည်လဲလှယ်ရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ပြည်တွင်းသတင်း

❖ **ရှမ်းမှ**

အရပ်ဘက် အကြီးတန်းဝန်ထမ်းများသာမက စွမ်းရည်ထက်မြက်သည့် တပ်မတော်သားများ မွေးထုတ်နိုင်ခြင်းများက သက်သေထူလျက်ရှိပါသည်။ ထင်ရှားသည့်သာဓကအနေဖြင့် တပ်မတော်ဆိုင်ရာ အမြင့်ဆုံး စွမ်းဆောင်ရည်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ကို ရရှိသူ အနည်းငယ်သာရှိသည့်အနက် ချင်းအမျိုးသား အောင်ဆန်းသူရိယဗိုလ်ကြီးတိုက်ချွန်း ပါဝင်နေခြင်းကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်က ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သော ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ချင်းအမျိုးသားများ၏ အားသာချက်ဖြစ်သော စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်လူသားအရင်းအမြစ်များ၏အား နှင့် ယနေ့မိမိတို့အစိုးရလက်ထက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုသည့် ပွင့်လင်းလာသည့် နိုင်ငံရေးဖြစ်စဉ်တို့ ပူးပေါင်းခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခိုင်အမာတည်ဆောက်နိုင်မည်ဟု ယုံကြည်မိပါသည်။ ထို့ကြောင့် ပြည်တွင်းတွင်ရှိသော ချင်းအမျိုးသားများသာမက ကမ္ဘာ့နေရာအနှံ့တွင် ပြန့်ကျဲရောက်ရှိနေရသည့် ချင်းအမျိုးသားများအားလုံး၏အားများကို စုစည်း၍ ပြည်သူလူထုတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အချိန်ပင်ဖြစ်ကြောင်းလည်း တိုက်တွန်းအပ်ပါသည်။

လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေးအကွဲအပြဲများကို အခြေခံသည့် ပဋိပက္ခများ၏ ရိုက်ခတ်ပြဋ္ဌာန်းမှုများကို ခါးသီးသည့် အတွေ့အကြုံများအဖြစ် မိမိတို့ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါကာလသည် ထိုခါးသီးသည့် အတွေ့အကြုံများကို သင်ခန်းစာရယူခြင်း၊ ပဋိပက္ခများ ချုပ်ငြိမ်းရန် ကြိုးပမ်းခြင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တိုင်းရင်းသားပေါင်းစုံအတူတကွ ယှဉ်တွဲနေထိုင်ရေးတို့ကို လက်တွဲဖော်ဆောင်ရမည့်အချိန်ကာလပင် ဖြစ်သည်။

ထို့ကြောင့် ပင်လုံစာချုပ်ချုပ်စဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ခဲ့သည့်အခြေခံမူများ အသက်ဝင်ရှင်သန်မည့် ပြည်ထောင်စုတစ်ရပ်ကို ပင်လုံစိတ်ဓာတ်ဟု ခေါ်ဆိုရမည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် လက်တွဲတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် ဖော်ဆောင်လျက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ကြိုးပမ်းလုပ်ဆောင်နေမှုကို အောင်မြင်မှုရရှိရန် မိမိတို့အားလုံး ပါဝင်ကြိုးပမ်းကြရန် ထပ်လောင်းတိုက်တွန်းအပ်ပါသည်။

ဤကဲ့သို့ မိမိတို့တိုင်းရင်းသားပြည်သူလူထုအားလုံး ပင်လုံစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဆိုပါက ခေတ်မီသာယာဖွံ့ဖြိုးသော ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။ ဤသည်ပင်လျှင် မိမိတို့အားလုံးထားရှိရမည့် အနာဂတ်ရည်မှန်းချက်ဖြစ်သည်ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

မြေမဲ့၊ ယာမဲ့၊ အိမ်ရာမဲ့ အိမ်ထောင်စုများနေထိုင်ရေးအဆင်ပြေစေရန် နိုင်ငံတော်အစိုးရအနေဖြင့် စီမံချက်များရေးဆွဲဆောင်ရွက်နေ ပြည်သူ့ဗဟိုပြုအစိုးရဖြစ်သည်နှင့်အညီ ပြည်သူများလိုအပ်ချက်ကို မဖြစ်မနေဆောင်ရွက်နေခြင်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြေမဲ့၊ ယာမဲ့၊ အိမ်ရာမဲ့ အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် City Development plan၊ Township Development plan ရေးဆွဲဆောင်ရွက်နေပြီဖြစ်ကြောင်းကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေမဲ့၊ ယာမဲ့များအား နေရာချထားမှု အစည်းအဝေး၌ ပြောကြားခဲ့သည်။ (ယာပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြေမဲ့၊ ယာမဲ့ စာရင်းများကောက်ယူရာတွင် သက်ဆိုင်ရာမြို့နယ်၊ ဒေသအလိုက် စာရင်းတိကျစွာ ရရှိရန်လိုအပ်ပြီး အခြေခံကိန်းဂဏန်းများ မှန်မှန်ကန်ကန်ကောက်ယူနိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းတို့အထဲမှ စိုက်ပျိုးသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နေရာချထားပေးမှသာလျှင် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး ၎င်းတို့၏ လူမှုဘဝလည်း တိုးတက်လာမှာဖြစ်ကြောင်း၊ မြေမဲ့၊ ယာမဲ့ အခြား အလုပ်အကိုင်ဆောင်ရွက်သူများကိုလည်း နေထိုင်ရေးအတွက် စဉ်းစားပေးရမှာဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတဦးဆောင်သည့် အစိုးရအဖွဲ့သည် ပြည်သူ့ဗဟိုပြု အစိုးရအဖွဲ့ဖြစ်သည်နှင့်အညီ မိမိတို့လက်ထက်တွင် မြေယာသိမ်းဆည်းမှုများကို ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ပါကြောင်း၊ ထို့အပြင် ယခုအစိုးရလက်ထက်၌ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို ထုတ်ပေးခဲ့ခြင်းဖြင့် ယခင်ထက်စာလျှင် ခိုင်မာသည့် မြေယာပိုင်ဆိုင်မှု ရှိလာပြီးဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း လူမှုရေး၊ စီးပွားရေး အချက်အချာကျသည့်မြို့များကို Township Development plan၊ City Development plan ရေးဆွဲဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် မြေမဲ့၊ ယာမဲ့များအတွက် လုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင် ဆောင်ရွက်ချင်သလို ဆောင်ရွက်ပါက အနာဂတ်အတွက် ထိခိုက်နိုင်မှုများ ရှိလာနိုင်သည့်အတွက် စနစ်တကျဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မြေမဲ့၊ ယာမဲ့ စာရင်းများကောက်ယူရာတွင် အခက်အခဲများ ရှိလာနိုင်မှာဖြစ်သည့်အတွက် ရှေ့ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မြေယာမဲ့၊ လယ်ယာမဲ့၊ အိမ်ရာမဲ့များကို နေထိုင်စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခြင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြေယာမူဝါဒများချမှတ်ပြီး ဆောင်ရွက်နေတာဖြစ်သည့်အတွက် တိုးတက်လာသည့် လူဦးရေနှင့် မြေ၊ သယံဇာတများသည် ဟန်ချက်ညီရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ကျွမ်းကျင်သူပညာရှင်များနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလုပ်အကိုင်ရရှိရေးအတွက် ဖန်တီးဆောင်ရွက်ပေးရမှာဖြစ်သလို ဒေသအလိုက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ဈေးကွက်စီးပွားရေးစနစ် ဖြစ်ထွန်းစေရေး၊ နည်းပညာနှင့် ဗဟုသုတရရှိရေးတို့အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူများ လိုအပ်ချက်ကို မဖြစ်မနေ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဦးလှထွန်းက မြေမဲ့၊ ယာမဲ့၊ အိမ်ရာမဲ့များအား စနစ်တကျ စာရင်းကောက်ယူ၍ ရေရှည်တွင် ၎င်းတို့မိသားစုများနေထိုင်ရေး၊ အလုပ်အကိုင်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများအပေါ် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Township Development plan ရေးဆွဲနိုင်ရန် ဝန်ကြီးဌာနမှ ပညာရှင်များပါဝင်သည့် အဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ အိမ်မဲ့၊ ယာမဲ့များကို နေရာချထားပေးရာတွင် သတ်မှတ်လမ်းနယ်များ လွတ်ကင်းရန် ဆောင်ရွက်သင့်သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများက ၎င်းတို့ဒေသအလိုက် မြေမဲ့၊ ယာမဲ့များ၊ ကျူးကျော်များ၊ နေထိုင်မှုများနှင့် ၎င်းတို့အတွက် ဆောင်ရွက်ပေးနိုင်ရန်တို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

Bali Mandara တံတားသည် အရှည် ၁၂ ကီလိုမီတာရှိပြီး ဘာလီကျွန်းတောင်ဘက်ရှိ Benoa၊ Ngurah Rai နှင့် Nusa Dua နယ်မြေသုံးခုကို Pelabuhan Benoa ပင်လယ်အော်အား ဖြတ်သန်း၍ ဆက်စပ်တည်ဆောက်ထားခြင်းဖြစ်သည်။ Bali မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရန် Bali အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပင်လယ်ကမ်းခြေရှိ ဟိုတယ်ဇုန်အား မြန်ဆန်လွယ်ကူစွာ သွားလာနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Bali အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် အင်ဒိုနီးရှားတပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ဂျကာတာမြို့ Halin Perdank Liusama လေဆိပ်သို့ ရောက်ရှိသည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြပြီး လေဆိပ်၌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

C B BANK

EASİ Travel MasterCard Customers များအား

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

CB Bank ၏ EASİ Travel MasterCard ထိပ်တန်းသုံးစွဲသူ Customers (၅၀) ဦးတို့အား ကျေးဇူးတုန့်ပြန်သောအားဖြင့် မေတ္တာလက်ဆောင်ပေးအပ်ခဲ့သည့် Samsung Galaxy Note 3 လက်ခံရရှိသော Customers များကို အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နောင် CB Bank မှ ကျင်းပပြုလုပ်မည့် Promotion ပွဲများတွင်လည်း CB Bank မိသားစုနှင့်အတူ လက်တွဲပါဝင်၍ အလားတူအောင်မြင်မှုများ ရရှိနိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆန္ဒမွန်ဖြင့်

CB Bank မိသားစု

MasterCard

နိုင်ငံတကာသတင်း

လာဘ်စားမှုတိုက်ဖျက်ရေးကော်မရှင် စွပ်စွဲချက် ထိုင်းဝန်ကြီးချုပ် ရင်လတ် မဟုတ်မှန်ဟု ငြင်းဆို

ဗန်ကောက် ဖေဖော်ဝါရီ ၂၁

ထိုင်းဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်က အငြင်းပွားဖွယ် ဆန်ဝယ်ယူရေး စီမံကိန်းတစ်ရပ်နှင့် ဆက်နွယ်သော လာဘ်စားသည်ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်ပြီး မဟုတ်မမှန်ကြောင်း ငြင်းဆိုချက်ထုတ်ပြန်လိုက်သည်။

၎င်းကို အဆိုပါစီမံကိန်းနှင့် ပတ်သက်ပြီး တရားစွဲဆိုနိုင်ကြောင်း ထိုင်းအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားခဲ့သည်။ ၎င်းအနေဖြင့် အဆိုပါတရားစွဲဆိုခံရမှုနှင့် ပတ်သက်ပြီး အပြစ်ရှိကြောင်းထင်ရှားလျှင် ရာထူးမှဆင်းပေးရဖွယ်ရှိသည်။

ထိုအတောအတွင်း အစိုးရဆန့်ကျင်ဆန္ဒပြသူများက မစ္စရင်လတ်အား ဖြုတ်ချရန် ဆက်လက်ဆန္ဒပြလျက်ရှိသည်။ မိမိအနေဖြင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင်၏ စွပ်စွဲချက်အပေါ် အပြစ်ကင်းကြောင်း၊ အခိုင်အမာပြောဆိုနိုင်ပါကြောင်း မစ္စရင်လတ်က ၎င်း၏တရားဝင်ဖေ့စ်ဘုတ်ခ် စာမျက်နှာ၌ ပြောကြားထားသည်။

ထိုင်းနိုင်ငံတွင် နိုဝင်ဘာလက ဆန္ဒပြမှုများဖြစ်ပွားပြီးကတည်းက နိုင်ငံရေးအကျပ်အတည်း ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ဆန်စပါးဝယ်ယူရေးစီမံကိန်းအရ ထိုင်းအစိုးရက လွန်ခဲ့သော နှစ်နှစ်တွင် ထိုင်းလယ်သမားများထံမှ ကောက်ပဲသီးနှံများကို ကမ္ဘာ့ပေါက်ဈေးထက် ၅၀ ရာခိုင်နှုန်းဈေးမြင့်ဝယ်ယူခဲ့သည်။ သို့သော်လည်း ယင်းမူဝါဒအရ ထိုင်းဆန်တင်ပို့မှုကို ထိခိုက်စေခဲ့သည်။

(ဘီဘီစီ)

ယူကရိန်းအရေး အီးယူကြားဝင် သဘောတူညီမှုရဟု သမ္မတပြော

ကီယက်ဗ် ဖေဖော်ဝါရီ ၂၁

ယူကရိန်းနိုင်ငံ၌ ဆိုဗီယက်ခေတ်ပြီးနောက် အဆိုးရွားဆုံး အကြမ်းဖက်တိုက်ခိုက်မှု နှစ်ရက်ကြာဖြစ်ပွားခဲ့ရာ ၇၅ ဦး သေဆုံးခဲ့သဖြင့် အီးယူက နိုင်ငံရေးနည်းလမ်းအရ ကြားဝင်ဖျန်ဖြေရန်ကြိုးစားလျက်ရှိသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရဆန့်ကျင်သူများအကြား အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားရာ မြို့တော် ကီယက်ဗ်လွတ်လပ်ရေးရင်ပြင်၌ သုံးနာရီကြာကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ သမ္မတ ယာနူကိုဗစ်ချ်သည် အီးယူကိုယ်စားလှယ်များ ဆွေးနွေးလျက်ရှိသော နေရာမလှမ်းမကမ်း၌ အဆိုပါရင်ပြင်တွင်ရှိပြီး ထိုနေ့က အရပ်သား ၂၀ ကျော်၏ ရုပ်အလောင်းများကို ရင်ပြင်၌တွေ့ရသည်ဟု ဆိုသည်။

ဂျာမနီ၊ ပြင်သစ်နှင့် ပိုလန်တို့မှဝန်ကြီးများသည် သမ္မတ ယာနူကိုဗစ်ချ်၊ အတိုက်အခံတို့ကို တွေ့ဆုံကာ ကြားဖြတ်အစိုးရတစ်ရပ် ဖွဲ့စည်းလျက်ရွေးကောက်ပွဲကျင်းပပေးရန် အီးယူက လိုလားလျက်ရှိသည်။ အီးယူနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယူကရိန်းအကျပ်အတည်းကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးစားလျက်ရှိသည်။

အီးယူနိုင်ငံခြားရေးဝန်ကြီးသုံးဦးနှင့် ညလုံးပေါက်ဆွေးနွေးခဲ့ပြီးနောက် အကျပ်အတည်းအဆုံးသတ်ရန် အတိုက်အခံနှင့် သဘောတူညီချက်ရရှိပြီ ဖြစ်ကြောင်း ယူကရိန်းသမ္မတက ပြောကြားလိုက်သည်။

အဆိုပါ သဘောတူညီချက်ကို မကြာမီလက်မှတ်ရေးထိုးဖွယ်ရှိကြောင်း ဗစ်တာယာနူကိုဗစ်ချ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ သို့သော်လည်း သမ္မတ၏တောင်းဆိုချက်ကို အတိုက်အခံတို့က အတည်မပြုနိုင်သေးကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက သတိပေးပြောကြားလိုက်သည်။

(ဘီဘီစီ)

ဆီးရီးယားနှင့် တူရကီနယ်စပ်အနီး ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွား၊ ၂၄ ဦး သေဆုံး

တူရကီ ဖေဖော်ဝါရီ ၂၁

တူရကီနိုင်ငံတောင်ပိုင်း ခါလစ်ပြည်နယ်ရှိ ဆီးရီးယားနှင့် တူရကီနယ်စပ်အနီး၌ အားပြင်းပေါက်ကွဲမှုတစ်ခုကြောင့် ဖေဖော်ဝါရီ ၂၀ ရက်က လူ ၂၄ ဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

အဆိုပါ သေဆုံးသူများအနက် ၂၀ ခန့်မှာ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာတွင်ပွဲချင်းပြီး သေဆုံးသွားခြင်းဖြစ်ပြီး အခြားလေးဦးမှာ ဆေးရုံအသွားလမ်းပေါ်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

အခြားဒဏ်ရာရရှိသူ အများအပြားကို ဆေးကုသမှုခံယူရန်အတွက် တူရကီတောင်ပိုင်း ခါလစ်ပြည်နယ်ဆေးရုံသို့ လူနာတင်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

တူရကီအစိုးရ၏ ထုတ်ပြန်ချက်အရ တူရကီရောက် ဆီးရီးယားဒုက္ခသည်အရေအတွက်မှာ ၇၁၄၀၀၀ ထက်ပင် ပိုလျက်ရှိသည်ဟုလည်း သတင်းတွင် ဖော်ပြပါရှိသည်။

(ဆင်ဟွာ)

လစ်ဗျားကယ်ဆယ်ရေးလေယာဉ် တူနီးရှားနိုင်ငံ၌ပျက်ကျ၊ ၁၁ ဦးသေဆုံး

ထရီပိုလီ ဖေဖော်ဝါရီ ၂၁

ဆရာဝန်များနှင့် လူနာများ လိုက်ပါလာသော လစ်ဗျား စစ်လေယာဉ်တစ်စင်းသည် တူနီးရှားနိုင်ငံ၌ ပျက်ကျသွားခဲ့ရာ လိုက်ပါသွားသူ ၁၁ ဦးစလုံး သေဆုံးဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ လစ်ဗျားစစ်လေယာဉ်သည် တူနီးရှားမြို့တော်တောင်ဘက် ဂရွမ်ဘာလီယာမြို့အနီး၌ ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်ပေါ်တွင် ဆရာဝန် သုံးဦး၊ လူနာနှစ်ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး လိုက်ပါသွားခဲ့ကြောင်း တူနီးရှားကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

လစ်ဗျားနိုင်ငံမှပြည်သူများသည် ဆေးကုသမှုခံယူရန်အတွက် တူနီးရှားနိုင်ငံသို့ မကြာခဏ လေကြောင်းခရီးဖြင့် သွားရောက်လေ့ရှိကြောင်း သတင်းထောက်များက ပြောသည်။

အဆိုပါ လေယာဉ်ပျက်ကျရခြင်း အကြောင်းအရင်းနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက ဆက်လက်စုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း လေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လစ်ဗျားနိုင်ငံ၌ ဗိုလ်မှူးကြီး ကဒါဖီအစိုးရပြုတ်ကျပြီးကတည်းက ကျန်းမာရေးအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သည့် ဆေးရုံ ဆေးခန်းများ လိုအပ်လျက်ရှိသည်။

အန်တိုနော့အမျိုးအစား အဆိုပါ စစ်ဘက် ကယ်ဆယ်ရေးလေယာဉ်သည် သောကြာနေ့က ပျက်ကျခဲ့ခြင်းဖြစ်သည်။ (ရိုက်တာ)

ကဘူးလ်မြို့ ရဲစခန်း တာလီဘန်များတိုက်ခိုက် ငါးဦးသေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ ဆင်ခြေဖုံး၌ ရဲတပ်ဖွဲ့ဝင်များနှင့် တာလီဘန်စစ်သွေးကြွများအကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း၏ အကျိုးဆက်ကြောင့် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ခရိုင်ရဲစခန်းကို ပစ်မှတ်ထား၍ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးခဲ့ကြောင်း ရဲအရာရှိက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းရဲစခန်းအနီး ယာဉ်အသွားအလာ စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်နေသော ယာဉ်ထိန်းရဲကလည်း ယင်းဗုံးပေါက်ကွဲမှု ကယ်ဆယ်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြောင်း ရဲအရာရှိက ဒေသမီဒီယာသို့ ပြောကြားခဲ့သည်။

ကဘူးလ်မြို့အရှေ့ဘက် ကီလိုမီတာ ၅၀ အကွာရှိ ပြည်နယ်၌ ပြီးခဲ့သည့် ၁ နာရီကျော်က ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့် စစ်သွေးကြွလေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

လာမည့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရဲအရာရှိ ၇၀၀၀၀ လုံခြုံရေး တိုးမြှင့်ချထားမည်

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၁

ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် လုံခြုံရေးတိုးမြှင့်ရန် ရဲတပ်ဖွဲ့ဝင်များသို့ ရဲအရာရှိ ၇၀၀၀၀ အထိ တာဝန်ချထားမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံက ကြေညာလိုက်သည်။

စုစုပေါင်း လူ ၁၇၀၀၀၀ တို့အား အိမ်ရှင်အဖြစ်ကျင်းပမည့် မြို့ကြီး ၁၂ မြို့၌ လုံခြုံရေးအာမခံချက်ရရှိရန် ဖြန့်ကြက်ချထားမည်ဟု မျှော်လင့်ရသည်။ လိုအပ်ချက်ရှိလာလျှင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များပါ တိုးမြှင့်ချထားမည်ဖြစ်ကြောင်း သမ္မတ ဒီမာရောက်ဆက်က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ပြီးခဲ့သည့် ဇွန်လကတည်းက ဘရာဇီးနိုင်ငံ၌ ဘောလုံးပွဲလက်မှတ်ခများနှင့် ဘတ်စ်ကားများဈေးကြီးမြင့်မှုကြောင့် ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ ယခုလအစောပိုင်းက ဓာတ်ပုံသတင်းထောက်တစ်ဦးသည် ဆန္ဒပြသူများ ပစ်ခတ်လိုက်သည့် မီးကျည် မီးပန်းထိမှန်ပြီး သေဆုံးခဲ့သည်။

ဇန်နဝါရီလတွင် ပြိုင်ပွဲကျင်းပသူများက အဆိုပါ ဘောလုံးပွဲအတွက် လုံခြုံရေးရဲတပ်ဖွဲ့ဝင် ၁၀၀၀၀၀ အထိ တိုးမြှင့်ချထားရန် တိုက်တွန်းပြောဆိုခဲ့သည်။ ယင်း အရေအတွက်အထိ တိုးမြှင့်ချထားသင့်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ကြာသပတေးနေ့ အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားသည်။

မိမိတို့အနေဖြင့် အလွန်စိုးရိမ်မိကြောင်း၊ အကြမ်းဖက်ဆန္ဒပြမှုမှ ကာကွယ်ရန်မှာ မိမိတို့အလုပ်ဖြစ်ကြောင်း တရားရေးဝန်ကြီးဌာန တာဝန်ရှိသူ အင်ဒရီရိုဒရီဂူးက သတင်းထောက်များအား ပြောကြားသည်။ လုံခြုံရေးအတွက် လိုအပ်လာလျှင် လူပေါင်း ၁၅၀၀၀၀ ကို လက်နက်ကိုင်နှင့် ရဲတပ်ဖွဲ့တို့မှ ခေါ်ယူဖွဲ့စည်းသွားမည်ဟုဆိုသည်။ ယခုအခါ လူပေါင်း ၃၀၀၀၀ အား သင်္ဘော ၆၀ ကျော်၊ လေယာဉ် ၁၅ စင်းနှင့်အတူ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ (ဓပုံ)

(ဘီဘီစီ)

ဟိုင်းလပ်ခရီးသည်တင်ယာဉ်များ လိုင်သာယာလမ်းကြောင်း ဆက်လက်ပြေးဆွဲခွင့်ပြုထားဦးမည်

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

ခရီးသည်တင်ဟိုင်းလပ်ယာဉ်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းသို့ မတ် ၁ ရက်မှစတင်၍ ပြေးဆွဲခွင့်ပြုတော့မည်မဟုတ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားချက်ထုတ်ပြီးဖြစ်သည်။

ယာဉ်ပိုင်ရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှုအချိန်များကို ရွှေ့ပေးရင်းမှ နောက်ဆုံးရက်အဖြစ် ပထမအကြိမ်တွင် ဇန်နဝါရီ ၁၅ ရက်ကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၁၅ ရက်ကိုလည်းကောင်း ခရီးသွားပြည်သူများ အဆင်ပြေစေရေးကို ရှေးရှု၍ တတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်ကို ထပ်မံသတ်မှတ်ပေးခဲ့သည်။

မ. ထ. သ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ဖေဖော်ဝါရီ ၂၈ ရက်အထိ အဆင့်ဆင့် ရွှေ့ပေးလာခဲ့ပြီးဖြစ်ကြောင်း၊ နောက်ထပ်ထပ်မံ၍ ရွှေ့ဆိုင်းပေးတော့မည် မဟုတ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသော မီဒီယာများနှင့်တွေ့ဆုံပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် ခရီးသည်တင် ဟိုင်းလပ်ယာဉ်ပေါင်း ၈၀၀ ကျော်ရှိပြီး လိုင်းအားဖြင့် ၄၆ လိုင်းရှိသည်။ ထိုအထဲမှ ၃၅ လိုင်းကို လမ်းကြောင်းတူ ယာဉ်လိုင်းများဖြင့် ပြေးဆွဲရန် စီစဉ်ထားမှုများရှိနေပြီဖြစ်သည်။ ကျန် ၁၁ လိုင်းကိုမူ ခရီးသည်များအတွက် လိုအပ်ပါက အခြားသောလိုင်းတို့မှ နှုတ်ယူပြေးဆွဲပေးရန် စီစဉ်ထားကြောင်း သိရသည်။

သို့သော် တွံ့တေး-ဒလ လမ်းကြောင်း၊ လှိုင်သာယာ-တွံ့တေးလမ်းကြောင်းများတွင် လက်ရှိပြေးဆွဲနေသော ဟိုင်းလပ်ယာဉ်များကို ခြွင်းချက်အနေဖြင့် ဆက်လက်ထားရှိဦးမည်ဖြစ်ပြီး သတ်မှတ်ယာဉ်လမ်းကြောအတိုင်းသာ ပြေးဆွဲရမည်ဟု သိရသည်။

"ဒါကလည်း လှိုင်သာယာလမ်းကြောင်းတစ်လျှောက်က ပြည်သူတွေအနေနဲ့ ဒီဟိုင်းလပ်ကားတွေကိုပဲ အဓိကအားပြုစီးနေရတာများလို့ လောလောဆယ် ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းကပြောဆိုခဲ့သည်။

ခရီးသည်တင် ဟိုင်းလပ်ယာဉ်များအနေဖြင့် ပဲခူးဘက်မှလာပါက ထောက်ကြန့် မြို့ရှောင်လမ်းရှိ(၅၁) ယာဉ်ကြီးဂိတ်အနီးတွင် လည်းကောင်း၊ မှော်ဘီ၊ တိုက်ကြီးဘက်မှ ဝင်လာသော ယာဉ်များမှာ လှော်ကားလမ်းခွဲ (အမှတ် ၉ ကားဂိတ်)တွင် လည်းကောင်း ဂိတ်သိမ်းရမည်ဖြစ်ကြောင်း သိရသည်။ သန်လျင်-တာမွေလမ်းကြောင်း ပြေးဆွဲယာဉ်များအနေဖြင့် သန်လျင်ဘက်မှဆိုပါက သန်လျင်တံတားကျော်၍ မောင်းနှင့်ပြေးဆွဲခွင့်မပြုဘဲ သတ်မှတ်နေရာတွင် ဂိတ်ထိုးရမည်ဟု ဆိုသည်။

သို့သော် ထိုခရီးသည်တင်ယာဉ်များအနေဖြင့် သတ်မှတ်ထားရာ ဂက်(စ်)ဆိုင်များသို့ ခရီးသည် တင်ဆောင်မှုမရှိဘဲ သွားရောက်ဂက်(စ်) ဖြည့်နိုင်ကြောင်း သိရသည်။

ရှိပြီးသား ဒလ-တွံ့တေးလမ်းကြောင်း၊ တွံ့တေး-လှိုင်သာယာလမ်းကြောင်း၌ ပြေးဆွဲနေသော ဟိုင်းလပ်ယာဉ်လိုင်းများမှာ တောင်ပိုင်းခရိုင် (မ. ထ. သ) ကွပ်ကဲမှုအောက်ရှိပြီး ခရီးလမ်းအားဖြင့် တွံ့တေး-ဒလ၊ တွံ့တေး-လှိုင်သာယာ၊ မလက်တို-လှိုင်သာယာ၊ ဘုရားကြီး-ဒလ၊ ကွမ်းခြံကုန်း-ဒလ၊ လက်ခုပ်ကုန်း-ဒလ၊ ဝါးဘလောက်သောက်- ဒလ၊ ဒလ-ခနုတ်၊ တွံ့တေး-လှိုင်သာယာ(မီးခွက်ဈေး) လိုင်းများရှိကြောင်း မ. ထ. သ(ဗဟို) စာရင်းအရ သိခဲ့ရသည်။

ခရီးသည်တင် ဟိုင်းလပ်ယာဉ်များအနေဖြင့် ရန်ကုန်စည်ပင်သာယာနယ်အပြင်၌ ခရီးသည်ပို့ဆောင်ရေးကို ဆက်လက်ဆောင်ရွက်ခွင့်ပေးထားပြီး ခရီးသည်တင်ယာဉ်လိုင်းမှ ထွက်၍ ကုန်တင်လုပ်ငန်း ဆောင်ရွက်ပါက လုပ်ငန်းလိုင်စင်ပြောင်းလဲရမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ ခရီးသည်တင် ပြေးဆွဲနေသော ဟိုင်းလပ်ယာဉ်များအနေဖြင့် မ. ထ. သ(ဗဟို)သို့ ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှု စာရင်းတက်လာခြင်းမရှိသေးကြောင်း ထပ်မံသိရသည်။

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ကန်ပက်လက်မြို့၊ နမ့်ဆန်မြို့နှင့် ကျွန်းစုမြို့နယ်တို့တွင် ၂၀၁၃ နိုဝင်ဘာလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါကျေးရွာများအနေဖြင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ်ကို မြို့နယ်အဆင့်သို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

စီမံကိန်းစတင်အကောင်အထည်ဖော်ရာတွင် စီမံကိန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအဆင့်၊ ကျေးရွာအဆင့် စီမံကိန်းအထောက်အကူပြုကော်မတီများ ဖွဲ့စည်းခြင်း၊ ကော်မတီခွဲများ ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စုအတွက် ဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်း၊ အဆိုပါအစီအစဉ်ကို ကျေးရွာအုပ်စုအဆင့်သို့တင်ပြ၍ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲပြီးနောက် မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီသို့ ဆက်လက်တင်ပြခြင်းတို့ ဆောင်ရွက်ထားရှိပြီး အတည်ပြုချက်ရရှိပါက ထောက်ပံ့ငွေ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးမည်ဖြစ်သည်။ အဆိုပါကိစ္စများအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် နည်းပညာအကူအညီပေးရေးအဖွဲ့မှ အကြံပေးများ၊ လူထုစည်းရုံးရေးမှူးများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုအဆင့် စီမံကိန်းရုံးမှ တာဝန်ရှိသူများနှင့်နည်းပညာအကူအညီပေးရေး အဖွဲ့ဝင်များကလည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၄ ဖေဖော်ဝါရီလတွင် လူထုစည်းရုံးရေးမှူးများအား သင်တန်းများ ဆက်လက်ပို့ချခြင်း၊ ကျေးရွာလူထုကိုယ်တိုင် စီမံကိန်းလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်စေရန် ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပျဉ်းမနားမြို့ ကျက်သရေဆောင်ဆုတောင်းပြည့် လောကမာရဇိန်ဘုရား

ပျဉ်းမနားမြို့ ကျက်သရေဆောင် လောကမာရဇိန်ဘုရားပွဲတော်ကြီး စည်ကားစွာကျင်းပမည်

ပျဉ်းမနား ဖေဖော်ဝါရီ ၂၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ မြို့ကျက်သရေဆောင်ဆုတောင်းပြည့်လောကမာရဇိန်ဘုရား (၁၄၁)ကြိမ်မြောက် တပေါင်းပွဲတော်ကြီးကို မတ် ၈ ရက်မှ ၂၂ရက်အထိ စည်ကားစွာ ကျင်းပသွားမည်ဟု သိရသည်။

ပွဲတော်ကြီးသည် တပေါင်းလ၌ နှစ်စဉ်မပျက်မကွက် ကျင်းပသော ပွဲတော်ကြီးတစ်ခုဖြစ်ပြီး လွန်စွာစည်ကားသည်ဟု သိရသည်။ ပွဲတော်ကျင်းပချိန်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးမြို့များအပြင် ၎င်းမြို့များအနီးရှိ ကျေးရွာဒေသခံများမှ လာရောက်ကြသဖြင့် ပွဲတော်ရက်များ၌ ပျဉ်းမနားမြို့တွင် ယခင်ရက်များထက် ပိုစည်ကားကြောင်း သိရသည်။ ပွဲတော်ရက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဈေးရောင်းကြသော ဈေးသည်များ၊ ဆိုင်ခန်းများဖြင့် စုံလင်လျက်ရှိသည်။ ပွဲတော်ကျင်းပရေးကော်မတီက အနယ်နယ်အရပ်ရပ်မှ လာရောက်ဈေးရောင်းကြသော ဈေးသည်များကို ဆိုင်ခန်းပေါင်း ၆၀၀ ကျော် စီစဉ်ဆောင်ရွက်ပေးထားသည်။ ဆိုင်ခန်းများကို နှစ်စဉ်ရောင်းချလျက်ရှိသော ယခင်ဆိုင်ဟောင်းသမားများအား ဦးစားပေး စီစဉ်ပေးထားပြီး ဈေးဆိုင်အသစ်များရောင်းချရန် ဆိုင်ခန်းနေရာသစ်များကိုလည်း အရင်ရောက်ရှိသူများအား ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံတစ်ဦးကလည်း ကျွန်တော်တို့ရဲ့ နှစ်စဉ်ကျင်းပလျက်ရှိသော တပေါင်းပွဲတော်ကြီးသည် လွန်စွာစည်ကားပြီး ရှေးယခင်အဆက်ဆက်များအတိုင်း အိမ်ထောင်စုတစ်စု၏ လိုအပ်သော ကုန်ပစ္စည်းများကို ပွဲတော်ချိန်တွင် ဝယ်ယူကြသည်မှာ ဒေသဓလေ့တစ်ခုဖြစ်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ပွဲတော်တွင် ဇာတ်ပွဲ၊ အငြိမ့်၊ ဆပ်ကပ်၊ တေးသရုပ်ဖော်ကပွဲ၊ ချားရဟတ်၊ ကလေးကစားကွင်း၊ ဓာတ်ပုံဆိုင်များ၊ ကျေးလက်သုံးပစ္စည်းများ၊ လှည်းယာဉ်ဝင်ရိုး၊ ဓားအမျိုးမျိုး၊ နွားအလှဆင်ပစ္စည်းများ၊ အညာဒေသထွက် သနပ်ခါးဆိုင်များ၊ ပန်းတနော်ဒေသထွက် ဖျာဆိုင်များ၊ ရာဝင်အိုး၊ ရေအိုးအစရှိသည့် မြေထည်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဒေသထွက် အစားအစာများ၊ ရိုးရာအစားအစာဆိုင်များ စုံလင်စွာရောင်းချ၍ နှစ်စဉ်ကျင်းပလျက်ရှိသော မြို့ကျက်သရေဆောင်ဆုတောင်းပြည့်လောကမာရဇိန်ဘုရားပွဲတော်ကြီးကို ယခင်နှစ်များနှင့်မတူ အထူးပင်စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက္ကံ)

ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေဘောင်းသာ (နေ့စဉ်)
Ph: 209077, 209388, 09-731 67000

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေဘောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရောင်းမည်
HIACE 2011 (ဘယ်မောင်း)
၁၅ ယောက်စီး (ခေါင်မြင့်)
၆၇/------- (ငွေရောင်)
ဖုန်း-၀၉-၃၁၄၀၅၇၇၂၊ ၃၁၄၀၅၇၇၃

တရားဝင်ဇနီးဖြစ်ကြောင်း အသိပေးကြေညာခြင်း

ကျွန်မ မန္တယ်သက်ဦး ၁၂/ကတန(နိုင်)၀၈၅၁၅၄သည် ဗိုလ်ကြီးအောင်ဇေယျာဟိန်း(ခ)အိမောင်ခိုင်၊ မော်လမြိုင်နှင့် ၂-၇-၂၀၁၃ ရက်က ပန်းဘဲတန်းမြို့နယ်တရားရုံး ဒုတိယမြို့နယ်တရားသူကြီး ဦးနန္ဒမျိုးရှေ့မှောက်၌ လက်ထပ်ထိမ်းမြားပြီးဖြစ်ပါ၍ ကျွန်မသာလျှင် တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တယ်သက်ဦး ၁၂/ကတန(နိုင်)၀၈၅၁၅၄

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

စားသုံးသူအကာအကွယ်ပေးရေး ပြည်ပနှင့်ပူးပေါင်းဆောင်ရွက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်သူများအား စားသုံးသူအကာအကွယ်ပေးနိုင်ရန်အတွက် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအား ၂၀၁၃ ခုနှစ် ဧပြီလတွင်ဖွဲ့စည်းပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်တွင်း၌ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည်သူများအန္တရာယ်ကင်းစွာ အရည်အသွေး မှန်ကန်ကောင်းမွန်စွာ အသုံးပြုနိုင်ရန်အတွက် ပြည်ပကုန်ပစ္စည်းတင်သွင်းသည့် နိုင်ငံများရှိ ကုန်ပစ္စည်းစစ်ဆေးရေး၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတို့တွင် တာဝန်ရှိသည့် သက်ဆိုင်ရာဌာနများ၊ ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင် တရုတ်နိုင်ငံ ရွှေလီမြို့တွင် ကျင်းပပြုလုပ်သည့် နှစ်နိုင်ငံ JBTCCC အစည်းအဝေး၌ တာဝန်ရှိသူများ ညှိနှိုင်းချက်အရ တရုတ်နိုင်ငံ ရွှေလီအထူးဖွံ့ဖြိုးရေးဒေသ နယ်စပ်ဂိတ် CIQ (China Inspection & Quarantine) ဒုတိယတာဝန်ခံနှင့်အဖွဲ့သည် နှစ်နိုင်ငံကုန်ပစ္စည်း ဝင်/ထွက်မှု စစ်ဆေးရေးကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရန်၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် လာရောက်ညှိနှိုင်းခဲ့ပြီး ယင်းအဖွဲ့၏ ဖိတ်ကြားမှုအရ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းဦးစီးသည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ရွှေလီနယ်စပ်ဂိတ်များ၏ Inspection နှင့် Quarantine စစ်ဆေးဆောင်ရွက်နေမှုများ၊ ဓာတ်ခွဲစမ်းသပ်ခန်းများ၏ ဓာတ်ခွဲစမ်းသပ်မှုများအား လေ့လာရန်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံ Inspection၊ Quarantine ကိစ္စများနှင့် ပတ်သက်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများ အပြန်အလှန်ဖလှယ်ရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးသည်။

တရုတ်နိုင်ငံ AQSIQ (Administration of Quality Supervision, Inspection and Quarantine)ဌာနသည် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီမှ တိုက်ရိုက်ကွပ်ကဲ၍ ဝန်ကြီးဌာနအဆင့် ဖွဲ့စည်းထားပြီး ဝန်ထမ်းအင်အား ၃၅၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းဌာနတွင် တာဝန်ပေးထားသော ဝန်ထမ်းများသည် စနစ်တကျလေ့ကျင့်ထားသော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သည့်ပညာရှင်များ ဖြစ်ရုံမက အသုံးပြုသည့်စက်ပစ္စည်းများနှင့် နည်းပညာများသည် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်လျက်ရှိပါသည်။ AQSIQ ဌာန၏ လက်အောက်တွင် CIQ (China Inspection & Quarantine)ဌာနများကို တရုတ်နိုင်ငံ၏ ပြည်ပ အဝင်/အထွက်ဂိတ်များတွင်ထားရှိပြီး ကုန်ပစ္စည်းနှင့်လူများအား ကူးစက်ရောဂါကင်းစင်ရေး၊ ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးရေးလုပ်ငန်းများအား စစ်ဆေးရန်တာဝန်ပေး ဆောင်ရွက်လျက်ရှိပါသည်။

ရွှေလီနယ်စပ်ဂိတ်ကို နိုင်ငံတကာအဆင့်မီ ဝင်/ထွက်ဂိတ်အဖြစ် သတ်မှတ်ပြီး တရုတ်နိုင်ငံမှပြည်ပသို့ ဝင်/ထွက်ရာတွင် စစ်ဆေးသည့်စနစ်အတိုင်း နိုင်ငံတကာလေဆိပ်၊ပင်လယ်ဆိပ်ကမ်းများနည်းတူ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

တရုတ်နိုင်ငံ CIQ အနေနှင့် နှစ်နိုင်ငံဝင်/ထွက်ဂိတ်တွင် လူအဝင်/အထွက်ကို CCTV ကင်မရာ၊ Infrared Ray တို့နှင့်ရိုက်ကူးမှတ်တမ်းတင်ပြီး ယင်းသို့ဖြတ်သန်းစဉ် ရိုက်ကူးထားမှုမှ စစ်ဆေးတွေ့ရှိသော တစ်ဦးချင်းကိုယ်အပူချိန်ကိုတိုင်းတာ၍ Walk Through မှ စစ်ဆေးဖြတ်သန်းခွင့်ပြုခြင်း၊ ခရီးသည်ပါရှိပစ္စည်းများအား လေဆိပ်များနည်းတူ X - Ray Machine များနှင့်ဖြတ်သန်းစေခြင်း၊ ခရီးသည်နှင့် ပါရှိပစ္စည်းများတွင် ကန့်သတ်တားမြစ်သော စားသောက်ကုန်ပါရှိမှု ရှိ/မရှိကို အထူးလေ့ကျင့်ထားသောခွေးများနှင့် ရှာဖွေခြင်းတို့ဖြင့် စစ်ဆေးပြီးမှ ဖြတ်သန်းခွင့်ပြုသောစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။

အလားတူ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်/ထွက်ရာတွင်လည်း CCTV ကင်မရာများဖြင့်စစ်ဆေးခြင်း၊ မျက်မြင်စစ်ဆေးခြင်း၊ လိုအပ်ပါက သွေးဖောက်၍ အသေးစိတ်ထပ်မံစစ်ဆေးခြင်းစနစ်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

မန်ဝိန်းကုန်ပစ္စည်း ဝင်/ထွက်ဂိတ်ပေါက်တွင် Export တစ်လမ်း၊ Import တစ်လမ်းထားရှိပြီး နှစ်နိုင်ငံကုန်သွယ်မှုပြုသည့် မော်တော်ယာဉ်နှင့် ကုန်ပစ္စည်းများမှ အန္တရာယ်ရှိသောပိုးမွှားနှင့် ဓာတ်သတ္တုပစ္စည်းများ ဝင်ရောက်မှုမရှိစေရန်အတွက် မော်တော်ယာဉ်များအား ပိုးသတ်ဆေးရည်စိမ်ထားသောကန်အတွင်း မောင်းနှင်စေခြင်း၊ အဆိုပါကန်သို့ မဖြတ်သန်းမီ ယာဉ်ပေါ်ရှိပစ္စည်းများအား ပိုးသတ်ဆေး Spray ဖျန်းဆောင်ရွက်ခြင်းနှင့် မော်တော်ယာဉ်ပေါ်ရှိ ကုန်ပစ္စည်းများအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းများနှင့် သတ္တုအမျိုးအစားစစ်ဆေးရန် Radiation Solution ကိရိယာအသုံးပြုပြီး စားသောက်ကုန်၊ သစ်သီးဝလံနှင့် လယ်ယာထွက်ကုန်ပစ္စည်းများကိုပါ စစ်ဆေးပါသည်။

စစ်ဆေးပြီး ကုန်ပစ္စည်းများနှင့် ကုန်တင်ယာဉ်များကို အကောက်ခွန်နှင့် CIQ ဌာနတို့ပူးပေါင်းစစ်ဆေးသည့် ရွှေလီမြို့အဝင်ရှိ Joint Inspection Center တွင် မြန်မာနိုင်ငံဘက်မှတင်ပို့သော သစ်သီးဝလံများ၊ လယ်ယာထွက်ကုန်များနှင့် အခြားစားသောက်ကုန်များ စစ်ဆေးရာတွင် ပိုးမွှားနှင့် ဓာတ်ကြွင်းအာနိသင်စစ်ဆေးခြင်းနှင့် တရုတ်ဘက်မှတင်ပို့သော လျှပ်စစ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့်အိမ်သုံးပစ္စည်း၊ စက်ကိရိယာများအား တရုတ်ပြည်တွင်းမှ စစ်ဆေးထုတ်ပေးထားရှိသော QC Pass နှင့် သက်ဆိုင်သည့် အထောက်အထားများအား စစ်ဆေးခြင်းလိုအပ်ပါက သီးခြားအရည်အသွေးစစ်ဆေးခြင်း၊ ပိုးမွှားအန္တရာယ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည်သူများ အန္တရာယ်ကင်းစွာ အရည်အသွေး မှန်ကန်ကောင်းမွန်စွာ အသုံးပြုနိုင်ရန်အတွက် ပြည်ပကုန်ပစ္စည်းတင်သွင်းသည့် နိုင်ငံများရှိ ကုန်ပစ္စည်းစစ်ဆေးရေး၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေး တို့တွင် တာဝန်ရှိသည့် သက်ဆိုင်ရာဌာနများ၊ ကုန်ပစ္စည်းစစ်ဆေးရေး အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိ

Joint Inspection Center တွင် တရုတ်နိုင်ငံတင်ပို့သည့် ပို့ကုန်ပစ္စည်းစစ်ဆေးရေးအတွက် CIQ မှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦး ဦးစီး ကျွမ်းကျင်ဝန်ထမ်းများ၊ မြန်မာနိုင်ငံမှ တင်သွင်းသည့် သွင်းကုန်ပစ္စည်းစစ်ဆေးရေးအတွက် ဒုတိယညွှန်ကြားရေးမှူးတစ်ဦး ဦးစီး ကျွမ်းကျင်ဝန်ထမ်းများ၊ ခေတ်မီစစ်ဆေးရေးစက်ပစ္စည်းများနှင့် အသေးစိတ်စစ်ဆေးပြီးမှသာ ပြည်တွင်းဝင်ရောက်ခွင့်ပြုခြင်း၊ ပြည်ပတင်ပို့ခွင့်ပြုခြင်း ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။

ယင်းသို့ နှစ်နိုင်ငံတင်သွင်းတင်ပို့ပစ္စည်းများအား အသေးစိတ်ထပ်မံစစ်ဆေးအတည်ပြုသည့် ဓာတ်ခွဲစမ်းသပ်ခန်းကို ရွှေလီမြို့တွင် ထားရှိပါသည်။ ၎င်းအရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းတွင် ၁၉၈၃ ခုနှစ်မှစတင်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ကမ္ဘာ့အဆင့်မီ အမေရိကန်၊ ဂျာမန်၊ ပြင်သစ်၊ ဆွီဒင်နိုင်ငံတို့မှ ခေတ်မီစက်ပစ္စည်းများ၊ နည်းပညာများကို အသုံးပြု၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ဓာတ်ခွဲခန်းအဆောက်အအုံ၏ စတုတ္ထထပ်တွင် စားသောက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ စားသုံးရန် သင့်/မသင့်နှင့် ပါဝင်သည့်ဓာတုပစ္စည်းများ အသေးစိတ်ဓာတ်ခွဲစစ်ဆေးခြင်းကို အမေရိကန်နိုင်ငံမှ ထုတ်လုပ်သည့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများနှင့် ကျွမ်းကျင်ပညာရှင်များက စနစ်တကျ စစ်ဆေး ပေးလျက်ရှိပါသည်။

ရန်နိုင်ထွန်း

ဓာတ်ခွဲခန်း၏ ဒုတိယထပ်တွင် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် ပတ်သက်သော စစ်ဆေးမှုများ ပြုလုပ်ပါသည်။ ၎င်းဓာတ်ခွဲခန်းရှိ Microbiological Lab တွင် ပိုးမွှားမွေးမြူခြင်းအပါအဝင် ပိုးမွှားများကို အမျိုးအစား ခွဲခြားစစ်ဆေးခြင်း၊ သွေးနှင့်တစ်သျှူးများ စစ်ဆေးခြင်းလုပ်ငန်းများကို DNA အဆင့်ထိ စစ်ဆေးနိုင်ပြီး Animal Disease Testing Room တွင် Bacteria နှင့် Virus များအား အသေးစိတ်ဓာတ်ခွဲစစ်ဆေးနိုင်သည်ကို တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်း၏ ပထမထပ်တွင် သစ်သီးဝလံ၊ နွားနို့နှင့်စားသောက်ကုန်များ သတ္တုရိုင်းများတွင်ပါဝင်သော ဒြပ်စင်များ အရေအတွက် စသည်တို့ကို ခေတ်မီသော အမေရိကန်နိုင်ငံလုပ် Agilent Technoligies 7890A Syntc စက်ကြီးများဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

ဓာတ်ခွဲခန်း၏ မြေညီထပ်တွင် Petroleum & Vatural Gas Testing Laboratory of RLCIQ တည်ရှိပြီး တရုတ်နိုင်ငံသို့ တင်သွင်းလာသည့် ရေနံ၊ ဒီဇယ်နှင့် Gas များကို အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ရွှေလီမြို့ရှိ ဓာတ်ခွဲခန်းတွင် ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ အုပ်ချုပ်သူတစ်ဦး ဦးစီးပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့်ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

အဆိုပါ နှစ်နိုင်ငံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးတွင် နှစ်ဖက်ညှိနှိုင်းဆွေးနွေးချက်များအရ နှစ်နိုင်ငံတွင်း စားသုံးသူများ အကာအကွယ်ပေးရေး၊ အရည်အသွေးမြင့်စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများ တင်ပို့/တင်သွင်းနိုင်ရေးအတွက် အောက်ပါအချက်များ ဆွေးနွေးနိုင်ခဲ့ပါသည်-

(က) လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ အရည်အသွေးကိုက်ညီမှန်ကန်မှုရှိစေရန်၊ ပိုးမွှားနှင့်ရောဂါကင်းရှင်းစေရေး အတူတကွပူးပေါင်းဆောင်ရွက်ရန်။

(ခ) နှစ်ဖက်တင်သွင်းရာတွင် ပိုးမွှားကင်းစင်ကြောင်း သက်ဆိုင်ရာဌာနများမှ Certificate ထုတ်ပေးရန်နှင့်တင်သွင်းသည့် ကုမ္ပဏီများမှ ၎င်း Certificate နှင့် ဆောင်ရွက်စေရန်။

(ဂ) နှစ်ဖက်တင်သွင်း၊တင်ပို့ရာတွင် တရားမဝင်ကုန်ပစ္စည်းများနှင့် အရည်အသွေးနိမ့်ပစ္စည်းများ တားဆီးပေးရန်။

(ဃ) တရုတ်နိုင်ငံမှတင်သွင်းသည့် လူသုံး၊ အိမ်သုံး၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်ယန္တရားများကို တရုတ်နိုင်ငံ CIQ မှ အရည်အသွေးမှန်ကန်ကိုက်ညီကြောင်း စစ်ဆေးထုတ်ပေးသည့် Certificate ပါရှိမှသာ မြန်မာဘက်မှ တင်သွင်းခွင့်ပြုရန်။

(င) ဒေသထွက်ကုန်များဖြစ်ပါက Form E နှစ်ဖက်စလုံးမှ ထုတ်ပေးရန်။

(စ) CAFTA အရ နှစ်အလိုက် အကောက်ခွန်ကင်းလွတ်ခွင့်များ နှစ်ဖက်စလုံးမှ ခွင့်ပြုပေးရန်။

(ဆ) နယ်စပ်ဒေသတစ်လျှောက် ကျန်းမာရေးနှင့်ရောဂါနှိမ်နင်းရေးဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ပေးရန်နှင့် ကုသရေး၊ ကာကွယ်ရေး စစ်ဆေးကြပ်မတ်ထိန်းချုပ်ရေး နှစ်ဖက်စလုံးမှ စနစ်တကျဆောင်ရွက်ပေးရန်။

(ဇ) တရုတ်နိုင်ငံ၏အစိုးရမဟုတ်သော ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့ CCIC(China Certification & Inspection Company)နှင့် မြန်မာနိုင်ငံ၏အစိုးရမဟုတ်သော ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့ MITS(Myanmar Inspection & Testing Services Ltd)

စာမျက်နှာ ၁၁ သို့

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ သီပေါ၌ကျင်းပ

သီပေါ ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ဟောပြောပွဲကျင်းပရေး ရည်မှန်းချက်များကို ပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ကိစ္စရပ်များနှင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ မတော်တဆ တိုက်ခိုက်မှု မှတ်တမ်းဓာတ်ပုံများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ကျောက်မဲခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးစိုးရွှေက လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့် ကညနဌာန၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးဝင်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ဟောပြောကြသည်။

(ယာပုံ)

ထို့နောက် တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြောင်း သိရသည်။

စိုင်း(သီပေါ)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးကြည်သာ ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့တွင် **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍** လွှတ်တော်ကော်မတီများက ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလင်းက သာမန်အသုံးစရိတ်နှင့် ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေတွင် ကျပ် ၁၁၅၅၃ ဒသမ ၀၄၁ သန်းသုံးစွဲခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျပ် ၁၅၃၀၃ ဒသမ ၇၉၆ သန်း အဆိုပြုလျာထားသဖြင့် ၃၇၅၀ ဒသမ ၇၅၅ ကျပ်သန်း ပိုမိုလာသည်ကို တွေ့ရှိရပါကြောင်း၊ ထိုကဲ့သို့ တိုးလာခြင်းမှာ နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတများ၊ သမ္မတရုံးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစာစရိတ်ကို သတ်မှတ်ချက်အတိုင်း ယခု ဘဏ္ဍာနှစ်မှစ၍ တိုးမြှင့်ခံစားခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်း သီးသန့်အသုံးစရိတ်အတွက် ကျပ်သန်း ၄၀၀၀ ခန့် ထည့်သွင်းလျာထားခြင်းဖြစ်၍ သာမန်အသုံးစရိတ်အား ဖြတ်တောက်ခြင်းမပြုဘဲ ခွင့်ပြုသင့်သည်ကိုတွေ့ရှိရပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများ၏ ငွေကြေးအကူအညီတစ်ခုတည်းကိုသာ အားကိုးဆောင်ရွက်ခြင်းမပြုသင့်ဘဲ နိုင်ငံတော်ဘတ်ဂျက်မှလည်း ကျခံသုံးစွဲသင့်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် တင်ပြတောင်းခံသည့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုအတွက် လျာထားချက် ကျပ်သန်း ၇၀၀၀ သည် ငြိမ်းချမ်းရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားတင်ပြခြင်းဖြစ်၍ လျာထားတင်ပြချက်အတိုင်း ခွင့်ပြုသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးကြည်သာက မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် ကျေးလက်မီးလင်းရေးဆောင်ရွက်ခြင်းလုပ်ငန်း ကျပ်သန်း ၃၆၅၉၀ ဒသမ ၇၇၄ မှဖြစ်စေ၊ ပြည်သူ့ငွေစာရင်းကော်မတီမှ အဆိုပြုခဲ့သည့် နေပြည်တော်ကောင်စီမှ ကျေးလက်မီးလင်းရေးခေါင်းစဉ်သို့ ပြောင်းမည့်ကျပ်သန်း ၇၉၀၀၀ ကျော်မှဖြစ်စေ၊ သာဂရစက်ရုံများမှထုတ်လုပ်သည့် ရေအားတာဘိုင်များကိုအသုံးပြုပြီး နာဂနှင့် ချင်းပြည်နယ်တို့ရှိ အသေးစားရေအားလျှပ်စစ်စက်ရုံများအတွက် ရန်ပုံငွေကျပ်သန်း ၅၀၀၀ အား ပြောင်းလဲလျာထားပေးရန် လိုအပ်ပါကြောင်း။

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၄) အကြီးစားစက်ရုံ ၁၁၈၇ ၏ ဖြည့်စွက်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် ကျပ်သန်း ၅၅၈၅ ဒသမ ၄၁၂ သည် ပုံစံ(၁)ဖြည့်စွက် လုပ်ငန်းများတွင် ဖော်ပြထားခြင်းမရှိပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်း ခေါင်းစဉ်တွင်သုံးမည်၊ စက်နှင့်စက်ပစ္စည်း ခေါင်းစဉ်အောက်တွင် သုံးမည်ဆိုသည်ကို တိကျစွာတင်ပြမှသာလျှင် ခွင့်ပြုသင့်ပါကြောင်းနှင့် အမှတ်(၁)သံမဏိစက်ရုံ မြင်းခြံစီမံကိန်းတွင် ဆောင်ရွက်ဆဲလုပ်ငန်းများအား ပြန်လည်စိစစ်ပြီး လျှော့ချသင့်သည်များကို လျှော့ချ၍ ရပ်ဆိုင်းသင့်သည်များကို ရပ်ဆိုင်းသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူက သာမန်အသုံးစရိတ်ကိုစိစစ်ရာတွင် အမှန်တကယ်လိုအပ်ချက်များရေးဆွဲတင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့နိုင်ငံတော်တွင် နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် အမှန်တကယ်လိုအပ်နေခြင်းနှင့် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုမည့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ထို့ပြင် ငွေလုံးငွေရင်း အသုံးစရိတ်အား စိစစ်ရာတွင် နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်တွင် ပြည်သူလူထု၏တင်ပြချက်များ၊ လွှတ်တော် နှစ်ရပ်၏ ကတိကဝတ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသို့ တိုက်ရိုက်တင်ပြထားသော လုပ်ငန်းအမျိုးအမည်နှင့် ကုန်ကျငွေတန်ဖိုး ကျပ်သန်းပေါင်း ၂၂၈၄၄ ဒသမ ၇၉ ပါဝင်ခြင်းမရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

လုပ်ငန်းစဉ် တစ်ခုချင်းစီအလိုက် လိုအပ်ချက်တင်ပြမှုဇယားကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မူလလျာထားချက် ငွေကျပ် သန်း ၆၅၃၀၉ ဒသမ ၂၂၇ အစား ငွေကျပ် သန်း ၈၈၁၅၄ ဒသမ ၀၁၇ သို့ တိုးမြှင့်ပြင်ဆင်လျာထားသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ၊ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၊ အမျိုးသားလွှတ်တော်သတ္တုနှင့်သယံဇာတရေးရာကော်မတီ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်၊ ပြင်ဆင်၊ လျှော့ချသင့်သည်များကို အဆိုပြုဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် လွှတ်တော်နာယက က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကော်မတီများ၏ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ယင်းပြင်ဆင်ချက်အဆိုများတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများအပေါ် စိစစ်လျှော့ချမည့် စီမံကိန်း တန်ဖိုးများနေရာတွင် အစားထိုးဖြည့်ဆည်းမည့် အခြားစီမံကိန်းလုပ်ငန်းများကို စိစစ်သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများနှင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ ညှိနှိုင်းဆောင်ရွက်ပြီးမှသာ ပြည်သူ့ငွေများနှင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အမှန်တကယ်လိုအပ်သည့်စီမံကိန်းလုပ်ငန်းများ ရွေးချယ်အသုံးပြုရေးသည် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် အုပ်ချုပ်ရေးအဖွဲ့တို့တွင် အဓိကတာဝန်ရှိသည်နှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ညှိနှိုင်းဆောင်ရွက်ပြီးမှသာ စီမံကိန်းဥပဒေကြမ်းကိုအတည်ပြုရန်၊ လွှတ်တော်အတွင်း ဆွေးနွေးဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်စိုးက ဦးစီးကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းအပါအဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၅၅ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြင်စလူမြို့နယ်ခွဲ လွှဇာကျေးရွာအုပ်စုရှိ သမှဲ့ချောင်းကျေးရွာကို ပြည်ထဲရေးအမည်ပေါက် ကျေးရွာတစ်ရွာဖြစ်ရေး မေးခွန်း၊ လယ်ယာမြေများရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းကို ပြုလုပ်လျှင် အခွန်ထမ်းဆောင်ရပါက မည်သည့်ဌာနက တန်ဖိုးသတ်မှတ်၍ မည်မျှအခွန်ထမ်းဆောင်ရမည်ကို သိရှိလိုကြောင်း မေးခွန်းတို့အပါ မေးခွန်း (၁၀) ခုကို မေးမြန်းဖြေကြားကြသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီး အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေး ဥပဒေကြမ်းရေးဆွဲနိုင်ရေးအဆိုကို ဓနုဖြူမြို့နယ် မဲဆန္ဒနယ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ကတင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးကော်မတီမှ ဆက်လက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး စတုတ္ထနေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာမခံအကျိုးခံစားခွင့်ပေးအပ်

သရက် ဖေဖော်ဝါရီ ၂၁

သရက်မြို့၌ သူတစ်ပါးထိခိုက်မှု အာမခံအကျိုးခံစားခွင့် ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မြန်မာ့အာမခံလုပ်ငန်းရုံး၌ကျင်းပရာ ၂၀၁၃ ခုနှစ် မတ် ၂၈ ရက်က ဂဒူးပြင်-ကံမ-ပြည် မောင်းနှင်သည့် ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသွားသည့် လူသုံးဦးအတွက် မိသားစုဝင်များကို သေဆုံးနစ်နာကြေးနှင့် ဒဏ်ရာရရှိသူ ခုနစ်ဦးအတွက် နစ်နာကြေးအဖြစ် ငွေကျပ် ၁၉ သိန်း ရှစ်သောင်းလေးထောင်ကို မြန်မာ့အာမခံလုပ်ငန်းမှ ခရိုင်တာဝန်ခံ ဦးမြင့်ထွေးက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၇၆ ဦးတို့သည် လွှတ်တော်အစည်းအဝေးများကျင်းပနေပုံကို လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလွှတ်တော်သို့ Server နှင့် ကွန်ပျူတာများလှူဒါန်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (IPU)မှ မြန်မာလွှတ်တော်သို့ Server သုံးလုံးနှင့် ကွန်ပျူတာ ၁၈ လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိဆောင်လွှတ်တော်စာကြည့်တိုက်၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံး အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်သည်။

အခမ်းအနားတွင် IPU မှ မြန်မာလွှတ်တော်သို့ လှူဒါန်းသည့် ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို Project Manager Mrs.Norah Babic က နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးထံ လွှဲပြောင်းပေးအပ်ပြီး **(အပေါ်ပုံ)** ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ရေရှည်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုအပေါ် အမြော်အမြင်ရှိရှိ ကာကွယ်ဆောင်ရွက်ပေးရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ကော်မတီအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာဝမ်ပေါင် ကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက ဒေသခံ တောင်သူများ၏နစ်နာမှုများအပေါ် မြေယာထောက်ပံ့ကြေး ထပ်ဆောင်းပေးအပ်သည့်အစီအစဉ်အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား မိမိတို့အနေဖြင့် စေတနာထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် စေတနာမှန်နှင့် ဆောင်ရွက်ပေးမှုအပြင် လုပ်ထုံးလုပ်နည်းမှန်မှန်ကန်ကန်နှင့် ပွင့်လင်းမြင်သာစွာ ဖော်ဆောင်ပေးရန်လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ရေးဆွဲထားသည့် Mine Closure Plan အတိုင်း ရေရှည်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုအပေါ် စာနာနားလည်မှု၊ အမြော်အမြင်ရှိမှုတို့ဖြင့် ကာကွယ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ EIA/SIA လုပ်ငန်းများဆောင်ရွက်နေမှုကို ဒေသခံပြည်သူများအား ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်သည့် ဒုတိယဝန်ကြီးများနှင့်အစည်းအဝေး တက်ရောက်လာကြသူများက မိမိတို့လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက် (Environmental and Social Impact Assessment-ESIA) အစီရင်ခံစာမူကြမ်းပါ အချက်အလက်များအပေါ် အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့၏ အကြံပြုချက်များ၊ ပြည်သူလူထုမှ တင်ပြသည့် သဘောထားနှင့်အကြံဉာဏ်များနှင့်ပေါင်းစပ်၍ ပြည့်စုံသော အစီရင်ခံစာတစ်ရပ်ဖြစ်လာစေရေးအတွက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ (JMC) အနေဖြင့် လုပ်ငန်းများ အောင်မြင်ရေးအတွက် အစဉ်တစိုက်ကြပ်မတ်၍ ပူးပေါင်းဆောင်ရွက်မှုအားကောင်းစွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုစီမံကိန်းသည် ဒေသအကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ကို ဒေသခံပြည်သူများ နားလည် လက်ခံလာသည်အထိ ပြည်သူဗဟိုပြု စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းခွင်တွင် နိုင်ငံခြားသားပညာရှင်များအား တဖြည်းဖြည်းလျှော့ချပြီး နိုင်ငံသားပညာရှင်များဖြင့် အစားထိုးနိုင်ရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်ပြီး စနစ်တကျစီမံလေ့ကျင့်သွားကြရမည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

(သတင်းစဉ်)

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်အား ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခအပ်နှင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသော နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးနှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်အား ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာတက္ကသိုလ် (University of British Columbia - UBC) မှ ဂုဏ်ထူးဆောင်ပါမောက္ခအပ်နှင်းသည့် အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ယင်းနောက် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ၌ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဌာန ကုန်သွယ်မှုသင်တန်းကျောင်းရှိ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အထူးသင်တန်းအမှတ်စဉ်(၁)သို့ တက်ရောက်သင်ကြားနေကြသည့် သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံကာ ကုန်သွယ်မှုကဏ္ဍနှင့်ပတ်သက်သော ကုန်သွယ်မှုအရေးပါမှု၊ လိုအပ်လျက်ရှိသော အရည်အသွေးပြည့်မီသည့် လုပ်ငန်းရှင်များပေါ်ထွန်းရေး၊ အနာဂတ်ကုန်သွယ်ရေး ဖွံ့ဖြိုးနိုင်မှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။ **(ဝဲပုံ)** အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၅ ဦး တက်ရောက်လျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

▲ *ကျော်ဖုံးမှ*

၂။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏အစီအစဉ်ဖြင့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ ကြိုတင်ပေးသွင်းထားသော CDMA 800 MHz/ GSM/ WCDMA မိုဘိုင်းဖုန်း (၃၅၀၀၀၀)ကို SIM Card တစ်ခုအတွက် ၁၅၀၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အများပြည်သူတို့အတွက် ပုံမှန်ရောင်းချပေးနေသည့် အစီအစဉ်အပြင် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားများအတွက် သီးသန့်ထည့်သွင်းဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိတပ်ဆင်ပေးထားသော လိုင်းအင်အားနှင့်အမှန်တကယ်သုံးစွဲနေသောအခြေအနေများအပေါ်မူတည်၍ပြည်သူများအဆင်ပြေချောမွေ့စွာအသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီးပေးရန် လျာထားတွက်ချက်ထားပါသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းများ ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	အများပြည်သူ		ပင်စင်စား	စုစုပေါင်း
		CDMA 800	GSM	WCDMA	
၁။	နေပြည်တော် ကောင်စီနယ်မြေ	၁၈၀၀၀		၂၂၀၀	၂၀၂၀၀
၂။	ကချင်ပြည်နယ်	၂၀၀၀	၁၀၀၀	၁၃၀၀	၄၃၀၀
၃။	ကယားပြည်နယ်		၂၀၀	၄၀၀	၆၀၀
၄။	ကရင်ပြည်နယ်		၅၀၀၀	၉၀၀	၅၉၀၀
၅။	ချင်းပြည်နယ်		၃၀၀	၇၀၀	၁၀၀၀
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၆၀၀၀	၄၅၀၀	၃၆၀၀	၁၄၁၀၀
၇။	တနင်္သာရီတိုင်းဒေသကြီး	၆၀၀၀		၇၀၀	၆၇၀၀
၈။	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၂၀၀၀၀		၃၆၀၀	၂၃၆၀၀
၉။	ပဲခူးတိုင်းဒေသကြီး(အနောက်)	၆၀၀၀		၁၆၀၀	၇၆၀၀
၁၀။	မကွေးတိုင်းဒေသကြီး		၁၅၀၀၀	၃၃၀၀	၁၈၃၀၀
၁၁။	မန္တလေးတိုင်းဒေသကြီး	၄၆၀၀၀		၅၃၀၀	၅၁၃၀၀
၁၂။	မွန်ပြည်နယ်		၆၀၀၀	၂၀၀၀	၈၀၀၀
၁၃။	ရခိုင်ပြည်နယ်	၁၀၀၀၀		၁၇၀၀	၁၁၇၀၀
၁၄။	ရန်ကုန်တိုင်းဒေသကြီး	၁၃၀၀၀၀		၁၅၀၀၀	၁၄၅၀၀၀
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)		၄၅၀၀	၁၀၀၀	၅၅၀၀
၁၆။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)		၄၅၀၀	၅၀၀	၅၀၀၀
၁၇။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၀၀၀	၃၀၀၀	၁၆၀၀	၆၆၀၀
၁၈။	ဧရာဝတီတိုင်းဒေသကြီး	၄၀၀၀	၆၀၀၀	၄၆၀၀	၁၄၆၀၀
		၂၅၀၀၀၀	**၅၀၀၀၀**	**၅၀၀၀၀**	**၃၅၀၀၀၀**

၄။ ပြည်သူများသက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့်နေ့မှစ၍ ၁၅ ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ကျပ် ၅၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှကာကွယ်နိုင်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါသည်။

၅။ ဤတန်ဖိုးနည်း မိုဘိုင်းဖုန်းများသည် လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခ ကျပ် ၂၅၀၀ ကို အနည်းဆုံးသုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ကျပ် ၅၀၀၀ ကို အပြည့်မသုံးစွဲပါက ကျပ် ၅၀၀၀ ပြည့်သည်အထိ အလိုအလျောက် ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသော ငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံ၍ ဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ချင်းပြည်နယ် မင်းတပ်မြို့ မြို့မအားကစားကွင်း၌ ကျင်းပသည့် (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်၊ ပြည်နယ်ဝန်ကြီးများ၊ ချင်းအမျိုးသားတပ်ဦးနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ချင်းတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များနှင့်အတူ တက်ရောက်ခဲ့သည်။

(၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဖတ်ကြားသည်။

(နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အခမ်းအနား သဘာပတိ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနမ်ဇမုန်က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ချင်းအမျိုးသားတပ်ဦး (CNF) အထွေထွေအတွင်းရေးမှူးချုပ် ဦးပူးဇင်ကျုံးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ချင်းအမျိုးသား ခေါင်းဆောင် ဦးဝမ္မသူးမောင်း၏ မိသားစုအား လက်ဆောင်ပစ္စည်းပေးအပ်ခြင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားထူးချွန်ဆု ရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လုပ်ငန်းရှင်များ ကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး ချင်းအမျိုးသားနေ့ကျင်းပရေး အလှူရှင် ထွန်းခေါင်ကြီးကုမ္ပဏီမှ ဦးထန်းရှိန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကန်ပက်လက်မြို့ နတ်မတောင် အမျိုးသားဥယျာဉ်အတွင်း ဇီဝမျိုးစုံ မျိုးကွဲများထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နတ်မတောင် အမျိုးသား ဥယျာဉ်သည် မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မတူပီမြို့နယ်များအတွင်း ကျရောက်ပါဝင်၍ ဧရိယာ ဧက ၁၇၆၃၀၀ (၂၇၅ ဒသမ ၅ စတုရန်းမိုင်)ကျယ်ဝန်းသည်။ နတ်မတောင်ခေါ် ဝိတိုရိယတောင်သည် အမြင့်ပေ ၁၀၅၀၀ မြင့်ပြီး ချင်းပြည်နယ်အတွင်း အမြင့်ဆုံးမြေသား တောင်တစ်ခုဖြစ်၍ တောင်ပေါ်ဂေဟစနစ်၊ တောင်ပေါ် အမြဲစိမ်းတောများ၊ ထင်းရှူးတောများတွေ့ရှိနိုင်သည့်အပြင် မြန်မာနိုင်ငံတွင်သာတွေ့ရှိရသည့် ဒေသမျိုးရင်းဖြစ်သော မျက်ခုံးဖြူငှက်ပြာ ခြောက်ငှက်မျိုးစိတ်၊ ချင်းတောင်ပုတ်သင်ညို၊ တောင်ဇလပ်နီ၊ တောင်ဇလပ်ဝါ အပင်မျိုးစိတ်နှင့် ချင်းသစ်ခွနီတို့ကို ကာကွယ်ထိန်းသိမ်းထားသော အမျိုးသားဥယျာဉ်တစ်ခုဖြစ်သည်။ ဒေသအဆင့် ထိန်းသိမ်းကာကွယ်ထားသည့် အာဆီယံအမွေအနှစ်ဥယျာဉ် ၃၃ ခုရှိသည့်အနက် မြန်မာနိုင်ငံ၌ ခုနစ်ခုတည်ရှိပြီး နတ်မတောင်အမျိုးသားဥယျာဉ်မှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပြည်ထောင်စု ဝန်ကြီးသည် နတ်မတောင် အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်အစိုးရအနေဖြင့် နတ်မတောင်အမျိုးသားဥယျာဉ်ကဲ့သို့ သဘာဝနယ်မြေများ ဖွဲ့စည်းတည်ထောင်ပြီး သဘာဝပတ်ဝန်းကျင် အမွေအနှစ်ကောင်းများ၊ ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနေမှုကို ဒေသခံပြည်သူလူထုပိုမိုသိရှိနားလည်ကာ ပူးပေါင်းပါဝင်ထိန်းသိမ်းလာစေရေး ပညာပေးစည်းရုံးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန်၊ ပတ်ဝန်းကျင် အခြေအနေကောင်းများနှင့် သဘာဝသယံဇာတအမွေအနှစ်များ နောင်အရှည်သဖြင့်တည်တံ့စေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ တားမြစ်ကာကွယ် ဆောင်ရွက်သွားကြရန်၊ ဒေသခံပြည်သူများ သဘာဝသယံဇာတများအပေါ် မှီခိုအားထားမှု လျော့နည်းစေရေး၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်းများ၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေး၊ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကိုလည်း တိုးတက်ဖော်ဆောင်ပေးသွားကြရန် လိုအပ်ကြောင်းတို့ကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နတ်မတောင် အမျိုးသားဥယျာဉ်၏ အမြင့်ပေ ၁၀၅၀၀ ရှိသည့် နတ်မတောင်ထိပ်သို့ တက်ရောက်ခဲ့ကြ၍ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

မကြာခင်ကာလမှာ ရင်းနှီးမြှုပ်နှံမယ်လို့မျှော်မှန်းပါတယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးလာဖို့ရှိနေတော့ မြန်မာနိုင်ငံရဲ့ ဟိုတယ်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံကြဖို့ ရှိနေကြပါတယ်။ အရည်အသွေးမြင့်တဲ့၊ ဝန်ဆောင်မှုကောင်းတဲ့ ဟိုတယ်တွေဖြစ်ဖို့ လိုတာလည်း သတိပြုရမှာ ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံဟိုတယ် ဆိုင်ရာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးရန်ဝင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ဒေါ်လ်ဖင်ခန်းမ၌ မကြာခင်က ပြုလုပ်သော အသင်းနှစ်ပတ်လည် အစည်းအဝေးတွင်ပြောသည်။

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအနေဖြင့် ပြည်တွင်း၌ ဧည့်သည်များ အဆင်ပြေစိတ်ချမ်းသာစွာ တည်းခိုနေထိုင်နိုင်မည့် ဟိုတယ်များ၊ အခန်းများလိုအပ်လျက်ရှိရာ လာမည့် ၂၀၁၄-၂၀၁၅ ခုနှစ်ကာလနှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ကာလများတွင် ဟိုတယ်သစ်များနှင့် အခန်းအရေအတွက်များလည်း တိုးပွားလာမည့်အနေအထားရှိသည်။

လောလောဆယ်တွင် ဗီယက်နမ်နှင့် စင်ကာပူ ကုမ္ပဏီများက မြန်မာနိုင်ငံ၌ ဟိုတယ်တည်ဆောက်ရေး စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ဂျပန်နိုင်ငံကုမ္ပဏီများကလည်း ဟိုတယ်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များအပါအဝင် ခရီးသွားဧည့်သည်များ အများဆုံးသွားရောက်လည်ပတ်လေ့ရှိသော တောင်ကြီး၊ အင်းလေး၊ ပုဂံ စသည့်နေရာများတွင်လည်း ဟိုတယ်စီမံကိန်းသစ်များ ဖြစ်ထွန်းလာရန် ရှိနေသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်အထိ ဟိုတယ် ၉၄၇ လုံးရှိနေပြီး အခန်းပေါင်း ၃၅၈၂၆ ခန်းရှိသည်။ ဟိုတယ်အများဆုံးမှာ ရန်ကုန်မြို့တွင်ရှိပြီး ဟိုတယ်ပေါင်း ၂၃၅ လုံးရှိကာ အခန်းပေါင်း ၁၀၂၈၉ ခန်းရှိသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာမှ ခရီးသွားဧည့်သည် သုံးသန်းလာရောက်မည်ဟု ခန့်မှန်းထားသည်။

ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် Allen & Overy Limited တို့ ပူးပေါင်းကျင်းပသည့် ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲချမှု ဒုတိယပိုင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ယခု Workshop တွင် ကုမ္ပဏီဥပဒေ ပြုပြင်ပြောင်းလဲခြင်း၊ ဖက်စပ်လုပ်ငန်းများ၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၊ အစုရှယ်ယာ ဝယ်ယူခြင်းဆိုင်ရာ စာချုပ်များနှင့် သက်ဆိုင်သည့်ဥပဒေများ ဆွေးနွေးမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြောကြား

ဆက်လက်၍ Allen & Overy Limited မှ Consultant Mr. Paul Crook က မိမိတို့အဖွဲ့အစည်းသည် ကမ္ဘာ့နိုင်ငံ ၂၉ နိုင်ငံ၌ ကုမ္ပဏီရုံးခွဲပေါင်း ၄၃ ခုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဗြိတိန်နိုင်ငံအခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မိမိတို့အဖွဲ့အစည်းသည် ဝန်ကြီးဌာနများ၊ တက္ကသိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတကာဥပဒေပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Workshop on the Myanmar Companies Act ခေါင်းစဉ်ဖြင့် Paul Crook က ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများ ဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ကချင်ပြည်နယ် ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်းရှိ/မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	ကချင်ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ပြည်နယ်အစိုးရအဖွဲ့ရုံး	၀၇၄-၂၂၄၈၄
၂	မြစ်ကြီးနားခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၂၂၇၃၁
၃	မိုးညှင်းခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၆၀၄၅၇
၄	ဗန်းမော်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	စုပေါင်းရုံး၊သာစည်ရပ်ကွက်၊ ဗန်းမော်မြို့	၀၇၄-၅၀၇၈၀
၅	ပူတာအိုခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၈၄၀၀၁၇၆
၆	မြစ်ကြီးနားမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၂၂၃၈၄
၇	ဝိုင်းမော်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၈၀၀၀၂
၈	တနိုင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၄၆၀၁၂
၉	ချီဖွေမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၃၃၃၁၇၈၅
၁၀	ဆော့လော်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၃၃၃၂၉၆၃
၁၁	အင်ဂျန်းယန်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၄၇၂၂၂၅၄၈
၁၂	မိုးညှင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၆၀၀၀၉
၁၃	မိုးကောင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၄၀၁၁၄
၁၄	ဖားကန့်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၇၀၄၆၁
၁၅	ဗန်းမော်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	စုပေါင်းရုံး၊ သာစည်ရပ်ကွက်၊ ဗန်းမော်မြို့	၀၇၄-၅၀၀၇၅
၁၆	မိုးမောက်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၅၆၀၂၉
၁၇	မန်စီမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၅၄၀၆၇
၁၈	ရွှေကူမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၇၄-၅၂၀၀၈
၁၉	ပူတာအိုမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၈၄၀၀၂၇၉
၂၀	မချမ်းဘောမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၆၃၀၀၈၄၀
၂၁	နောင်မွန်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၄၉၂၉၉၄၃၉
၂၂	ခေါင်လန်ဖူးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၄၉၀၃၃၄၄၂
၂၃	ဆွမ်ပရာဘွမ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၄၉၇၁၄၂၀၂

ပြည်တွင်းသတင်း

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဇီးကုန်းမြို့ ဇရပ်လှကျေးရွာအုပ်စု လေးမျက်နှာကျေးရွာမှ ပြည်သူလူထုနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ဇီးကုန်းမြို့ ဇရပ်လှကျေးရွာအုပ်စု လေးမျက်နှာကျေးရွာ၌ ဇရပ်လှကျေးရွာအုပ်စု၊ လေးမျက်နှာကျေးရွာအုပ်စု၊ တယ်ပင်ကန်ကျေးရွာအုပ်စု သစ်နဖားကျေးရွာအုပ်စု၊ စပါယ်မြောင်ကျေးရွာအုပ်စုများမှ ပြည်သူများနှင့် တွေ့ဆုံရာ ကျေးရွာသူ ကျေးရွာသားများက မိမိတို့၏ ကျေးရွာများတွင် လိုအပ်ချက်ရှိသည်များကို တင်ပြကြသည်။ ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လေးမျက်နှာကျေးရွာ အုပ်စု၊ ရိုးကြီးကျေးရွာနှင့် သစ်နဖား ကျေးရွာအုပ်စုမှဂက်ကုန်းကျေးရွာများရှိ အိမ်ထောင်စုများသို့ ဆိုလာမီးအိမ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် လေးမျက်နှာကျေးရွာ ချောင်းနားစု အခြေခံပညာမူလတန်းကျောင်းကိုလည်းကောင်း၊ ဘော်ဘင်ချောင်းကိုဖြတ်၍ ပြန်လည်ပြုပြင် တည်ဆောက်မည့် စမ်းအိုင်တံတားကို လည်းကောင်း၊ ဝက်ကော်ချောင်းကိုဖြတ်၍ တည်ဆောက်နေသည့် ဝက်ကော်တံတားကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တောင်ငူမြို့ (၁၆) ရပ်ကွက် မြို့မဈေးကြီးမီးလောင်ခဲ့မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက်ယာယီဈေးတည်ဆောက်မည့် တောင်ငူမြို့ (၂၀)ရပ်ကွက်ရှိ မိုင်ဒါကွင်းသို့ရောက်ရှိပြီး ယာယီဈေးတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် တောင်ငူမြို့ ခပေါင်းခန်းမတွင် မီးဘေးသင့် ဈေးသူဈေးသားများနှင့် တွေ့ဆုံပြီး ပြီးခဲ့သည့် မီးလောင်ခဲ့မှုကို စိတ်အားမငယ်ဘဲ သင်ခန်းစာယူ၍ နောင်မဖြစ်အောင် သတိပြုလုပ်ဆောင်သွားကြရန်၊ ဈေးသူဈေးသားများ၊ မြို့မိမြို့ဖများသည် အစိုးရနှင့်ပူးပေါင်းပြီး ဖြစ်သင့် ဖြစ်ထိုက်သည်များကို စဉ်းစားအကြံပြုဆောင်ရွက်သွားကြရန်နှင့် ယာယီဈေးကို ဒေသအစိုးရအစီအစဉ်ဖြင့် ဆောက်လုပ်မည့်အခြေအနေ၊ ဈေးသူဈေးသားများ ပြန်လည်နေရာချထားမည့်အခြေအနေ၊ အဆင့်မြင့်ဈေးသစ်ပြန်လည်တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ရှင်းလင်းပြောကြား

ယင်းနောက် CBဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဈေးသူဈေးသားများအတွက် ကူညီထောက်ပံ့မည့် အခြေအနေများ၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ယာယီဈေးတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူများ၏ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စီးပွားရေးကိစ္စများ ပူးပေါင်းညှိနှိုင်းရေးကော်မတီပေါင်းစပ်ဖြေရှင်းပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စီးပွားရေး ပူးပေါင်းညှိနှိုင်းရေး ဆပ်ကော်မတီနှင့်ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့မိ မြို့ဖများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စီးပွားရေးပူးပေါင်းညှိနှိုင်းရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအနေဖြင့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စီးပွားရေးကိစ္စများဆောင်ရွက်ရာတွင်အခက်အခဲများ၊ အတားအဆီးများ၊ အဆင်မပြေမှုများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နာယကနှင့်ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် တက်ရောက်လာသူများက မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေတိုးမြှင့်ထုတ်ချေးပေးရေး၊ ကချင်ပြည်နယ်၏ GDP တိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရေး၊ သယံဇာတထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများကို ချေးငွေရရှိရေး ဆောင်ရွက်ပေးရန်ကိစ္စများ၊ နိုင်ငံခြား အကူအညီအထောက်အပံ့များ ရရှိရေးကိစ္စများအား တင်ပြရာ ကော်မတီဥက္ကဋ္ဌနှင့်ပြည်နယ်ဝန်ကြီးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကချင်ပြည်နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၂၁

မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းတွင် ကျောင်းဝင်းအတွင်းရှိ အေးချမ်းကမ္ဘာဓမ္မာရုံ မြက်ခင်းပြင်၌ကျင်းပရာ ဝန်ထမ်းနှင့် မိသားစုပြိုင်ပွဲဝင်အသင်းရှစ်သင်းတို့က တပျော်တပါး ပါဝင်ယှဉ်ပြိုင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲအပြီးတွင် ဆုများချီးမြှင့်ရာ ထောက်ပံ့ရေးဌာနခွဲက ပထမဆုနှင့် မော်တော်ယာဉ်သင်တန်းဌာနခွဲက ဒုတိယဆုများ ရရှိသည်။

"အဓိကကတော့ ဝန်ထမ်းတွေ၊ မိသားစုတွေပျော်ရွှင်ဖို့ စည်းလုံးညီညွတ်ဖို့ ရည်ရွယ်ပြီးကျင်းပတာပါ။ ရိုးရာပွဲတော်တစ်ခု၊ ရာသီပွဲတော်တစ်ခုကို အစဉ်အဆက်တည်တံ့အောင် ထိန်းသိမ်းစေချင်တဲ့ စေတနာလည်း ပါပါတယ်" ဟု ကျောင်းမှုကထိက ဒေါ်ချိုချိုလှိုင်က ပြောသည်။

(မိတ္ထီလာ ပို့/ဆက်)

မန္တလေးမြို့ပေါ် ဆိုင်ကယ်များ ပျောက်ဆုံးမှု လူခြောက်ဦးဖမ်းဆီးမိ မြို့နယ်အသီးသီးမှ ခိုးယူခဲ့သော ဆိုင်ကယ် ၁၄ စီး ပြန်လည်သိမ်းဆည်း

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့ပေါ် ဆိုင်ကယ်ခိုးမှုများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁ ရက်က ပြည်ကြီးတံခွန်မြို့နယ်နေ ငွေခဲ(၁၉ နှစ်) နှင့် မိုးဝင်း(၂၄ နှစ်)တို့အား ခေါ်ယူစစ်မေးပေါ်ပေါက်ချက်များအရ ဆိုင်ကယ်ခိုးယူရောင်းဝယ်မှုများတွင် ပါဝင်ပတ်သက်သည့် မိုးဝင်း၊ ငွေခဲ၊ သက်ဇော်(ခ) ကတုံး၊ အောင်ကိုကို(ခ) တုံချမ်း၊ ရဲညီ(ခ)အဖိုးကြီးနှင့်ဇင်ကိုလတ်(ခ) ကိုလတ်တို့ ခြောက်ဦးအား ၎င်းတို့ခိုးယူခဲ့သော ဆိုင်ကယ် ၁၄ စီးနှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသော ဝွေးတို၊ ရာကျော်နှင့် နိုင်းနိုင်းတို့သုံးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၁၅၃၂၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်နိုင်ထွန်း ၁၃/တယန(နိုင်)၀၃၆၀၀၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်း)ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မွန်မွန်ချို	ဒေါ်အိမ့်ဖြူနိုင်	ဒေါ်ရတနာဆွေး
LL.B	LL.B, DBL, DML	LL.B, D.B.L
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)	(စဉ်-၃၈၄၉၇)

အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် (၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀၊ ၀၉-၇၃၁၆၉၃၀၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၁၈/၁၅၊ ဧရိယာ ၀ဒသမ၀၄၇ဧကနှင့် မြေကွက်အမှတ် ၁၈/၁၆၊ ဧရိယာ ၀ဒသမ၀၆၂ဧကရှိ မြေကွက်နှစ်ကွက်တွဲ ဧရိယာစုစုပေါင်း ၀ဒသမ၁၀၉ဧကရှိ မြေကွက်နှစ်ကွက်၏ မြေဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းဌေး ၁၀/မလမ(နိုင်)၁၂၄၃၃၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှစ်ကွက်တွဲ၏ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးထင်ကျော် B.Sc, H.G.P, R.L	ဒေါ်သက်လေးချို LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(၅၃၁၅)	အထက်တန်းရှေ့နေ(စဉ်-၃၁၄၂၄)

Super Top Law Firm
အမှတ် (၁၃၈)၊ ပ/ထပ်၊ ၃၂လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇

စာမျက်နှာ ၆ မှ

အကြား ကုန်ပစ္စည်းစစ်ဆေးမှု ပူးပေါင်းဆောင်ရွက်ရန်နှင့် နှစ်ဖက်စစ်ဆေးမှုအရ ထုတ်ပေးသည့် Certificate များအား အပြန်အလှန်လက်ခံရေး သဘောတူညီချက်ကို နှစ်ဖက်တာဝန်ရှိသူများက အသေးစိတ်ထပ်မံညှိနှိုင်းဆွေးနွေးရန်။

(ဈ) တရုတ်နိုင်ငံမှတင်သွင်းသည့် လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါးနှင့် ဓာတုဗေဒပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို တရုတ်နိုင်ငံမှ နိုင်ငံတကာသို့ တင်ပို့သည့်နည်းတူ အင်္ဂလိပ်ဘာသာဖြင့် အပြည့်အစုံဖော်ပြပေးရန်။

(ည) မြန်မာနိုင်ငံဘက်မှ MITS ဌာနအနေနှင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် တရုတ်နိုင်ငံဘက်မှ တင်သွင်းသည့် ကုန်ပစ္စည်းများစစ်ဆေးရာ၌ လူသုံး၊ အိမ်သုံးနှင့် လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးပါစစ်ဆေးပေးရန်။

(ဋ) နည်းပညာအကူအညီပေးရေး ပူးပေါင်းဆောင်ရွက်ရန်။

(ဌ) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတာဝန်ရှိသူများ ဦးစီးသည့် သက်ဆိုင်ရာဌာနများနှင့် တရုတ်နိုင်ငံ CIQ တို့သည် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် သက်ဆိုင်သည့်ကိစ္စများ၊ အပင်ပိုးမွှားနှင့် သက်ဆိုင်သည့်ကိစ္စများ၊ လူသုံးအိမ်သုံးနှင့် စားသောက်ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် သက်ဆိုင်သည့်ကိစ္စများ၊ နယ်စပ်တစ်လျှောက် ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးဆိုင်ရာကိစ္စများ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆွေးနွေးရန် သုံးလတစ်ကြိမ် အလှည့်ကျအစည်းအဝေးများ ကျင်းပရန်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ပြည်တွင်းတွင် အသုံးပြုသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ယာဉ်ယန္တရားနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းများအား မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အများဆုံးတင်သွင်းနေသည့်နည်းတူ မိမိနိုင်ငံ၏ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်းစသည့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်ပစ္စည်း အများဆုံး တင်ပို့လျက်ရှိပါသည်။

မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်မှုအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်လျက်ရှိသော မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင်လည်း သက်ဆိုင်ရာဌာနများပါဝင်သော ပူးပေါင်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ One Stop Services အဖွဲ့ ဖွဲ့စည်း၍ တရုတ်နိုင်ငံ CIQ မှ ဆောင်ရွက်သည့်နည်းတူ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ၊ ခေတ်မီစက်ပစ္စည်းများတပ်ဆင်၍ စနစ်တကျလေ့ကျင့်ထားသည့် ကျွမ်းကျင်ပညာရှင်များနှင့် ပို့ကုန်၊ သွင်းကုန်ပစ္စည်းများအား ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအပါအဝင် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးနိုင်ပါက မိမိနိုင်ငံသားများအတွက် ပိုမိုအကျိုးရှိပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဤသို့ တရုတ်နိုင်ငံ၏ ပိုးမွှားစစ်ဆေးရေးနှင့် ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေးဌာန CIQ နှင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိဌာနများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မိမိနိုင်ငံအတွင်းရှိ ပြည်သူများအတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ။

ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီက သွားရောက်ခဲ့ပြီးသည့် ခရီးစဉ်များ၌ပြည်သူလူထုကိုယ်စားလှယ်များမှ ဆွေးနွေးတင်ပြချက်အရ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား တရားဝင်လိုင်စင် ပြုလုပ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား တရားဝင်မှတ်ပုံတင်ပေးခြင်း(One Stop Service)စီမံချက်ကို ၁၇-၂-၂၀၁၄ ရက်မှ ၄-၇-၂၀၁၄ ရက်အထိ ရုံးဖွင့်ရက်ပေါင်း ၉၀ သတ်မှတ်၍ စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်များအရ သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ခန္ဓာကိုယ် အချိုးအစားကျ၍ အဝမလွန် နေထိုင်ခြင်းဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

Your Slimming Guide မှ ကြီးမှူး၍ G Trim(TheNatural Fat Burner) ၏ ပံ့ပိုးကူညီမှုဖြင့် အာဟာရပညာရှင် ဒေါက်တာဦးလှကြည် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)အာဟာရ ကျန်းမာရေးဦးစီးဌာနက ကိုယ်အလေးချိန်လျှော့ချခြင်းနှင့် ပတ်သက်၍ စားသောက်နေထိုင်နည်းများနှင့် နေ့စဉ် စားသုံးနေသည့် အစားအစာများ၏ ကယ်လိုရီပမာဏတို့ကို ရှင်းလင်းဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နောက်ဆုံးရနိုင်ငံတကာသတင်း

ဆိုမာလီသမ္မတနန်းတော်ကို စစ်သွေးကြွများတိုက်ခိုက်

ဘာသာပြန်-ဇလပ်ဖြူ

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၁

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးမြို့ရှိ သမ္မတ နန်းတော်အား ဖေဖော်ဝါရီ ၂၁ ရက်က စစ်သွေးကြွများတိုက်ခိုက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များ၏ ပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုများ အထမမြောက်ခဲ့ကြောင်း ရိုက်တာသတင်းအရ သိရသည်။

Villa Somalia ဟု သူသိများသည့် သမ္မတအိမ်တော်အား အကြမ်းဖက်သမားများက ကားဗုံးဖောက်ခွဲခြင်းဖြင့် တိုက်ခိုက်မှုစတင်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ထိပ်တိုက်တွေ့ပြီး အပြန်အလှန်ပစ်ခတ်သည့် သေနတ်သံများ သောသောညံသွားခဲ့ကြောင်း၊ သို့သော်သမ္မတ ဟက်ဆန်ရှိတ် မိုဟာမတ်ဒ် အပေါ် အန္တရာယ်ကျရောက်ခဲ့ခြင်းမရှိကြောင်း ဆိုမာလီ ပြည်ထဲရေးနှင့်လုံခြုံရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားသည်။

သောကြာနေ့ ဗလီတက်ဝတ်ပြုချိန်တွင် ဖြစ်ပွားသည့် ယင်းအကြမ်းဖက်တိုက်ခိုက်မှုများမှာ အပြစ်မဲ့အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သည့် အကြင်နာမဲ့လုပ်ရပ်များဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုသည်။

သမ္မတမိုဟာမတ်ဒ်သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလက ကင်ညာနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဟိုတယ်တစ်ခု၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် အသေခံဗုံးဖောက်ခွဲသူသုံးဦးက ပစ်မှတ်ထားတိုက်ခိုက်ခဲ့သော်လည်း ဘေးမသီ ရန်မခခဲ့ပေ။ ယခုသမ္မတနန်းတော်တိုက်ခိုက်မှုမှာ မိမိတို့၏လက်ချက်ဖြစ်ကြောင်း ဆိုမာလီ စစ်သွေးကြွအဖွဲ့ "ရှာဘတ်" က ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

DUPONT

DuPont is a science company. We have been bringing world-class science and engineering to the global marketplace in the form of innovative products, materials, and services since 1802. The company believes that by collaborating with customers, governments, NGOs, and thought leaders we can help find solutions to such global challenges as providing enough healthy food for people everywhere, decreasing dependence on fossil fuels, and protecting life and the environment.

Our 63,000 employees in more than 90 countries are working collaboratively to offer a wide range of sustainable innovative products and services for key industries including food & agriculture, energy, building & construction, automotive, electronics, and packaging.

In line with the Company's rapid business expansion in Myanmar, we invite high caliber professionals to apply for the following positions :

Market Development Officer

Conduct demonstration plots and manage farmer and sub-dealer to promote Agriculture products in assigned areas and neighbouring areas.

Job Specifications :

- Graduate from a reputed agricultural university
- Proficient in data analysis tools and MS Office
- Creative in collecting data from various sources and processing it to achieve objectives

New Business Development Specialist

Implement the business development activities in Myanmar to support businesses and developing growth.

Job Specifications :

- Bachelor's Degree in Science, Engineering, Chemistry or related field with preferably Master's Degree in Business Administration
- 2-3 years experience in business development, commercial, market analysis role or project management with proven records in marketing with multi-national companies would be advantageous.
- Experiences in dealing with customers and distributors and working with association and government agency

Both positions require good language skills in both English and local language.

Interested candidates please submit your resume "CV", recent photo and transcript to contact details below. Only short list candidates will be contacted.

Name : DuPont (Myanmar) Co.,Ltd.
E'mail address : Shaun.Lee@dupont.com
Contact No. : 09 -314 333 91
Website : http://www. dupont.com

ပြည်တွင်းသတင်း

ရန်ကုန်ဈေးကွက်သို့ နွေဆန်သစ်များဝင်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်ဈေးကွက်သို့ မြစ်ဝကျွန်းပေါ်ဒေသမှ နွေဆန်သစ်များ ဖေဖော်ဝါရီ ၂၀ ရက်က စတင်၍ ဝင်ရောက်လာရာ နွေဆန်သစ်တစ်အိတ်လျှင် ငွေကျပ် ၁၆၂၀၀-၁၆၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

မိုးဇီယာဆန်ကြမ်းအသစ်များမှာ တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀ မှ ၁၇၅၀၀ အတွင်း၊ ပေါ်ကွဲအသစ်တစ်အိတ်လျှင်ငွေကျပ် ၁၆၅၀၀ မှ ၁၇၅၀၀ အတွင်း၊ ပေါ်ဆန်းဆန်သစ်များမှာ တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၅၅၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ ဝန်းကျင်ဈေးနှုန်းရှိကြောင်း သိရသည်။ ၂-၃-၄ ဆန်ကွဲအသေးတစ်အိတ်လျှင်ငွေကျပ် ၁၂၀၀၀ နှုန်း၊ ဖွဲနုတစ်ပေါင်လျှင် ၇၃ ကျပ်နှုန်း ဈေးနှုန်းသာရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ လဆန်းပိုင်းတွင် မိုးဇီယာဆန်ကြမ်း တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ မှ ၁၈၀၀၀ ကျပ်အတွင်း၊ ပေါ်ကွဲအသစ် တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ မှ ၁၈၀၀၀၊ ၂-၃-၄ ဆန်ကွဲအသေးတစ်အိတလျှင်ငွေကျပ် ၁၂၄၀၀၊ ဖွဲနုတစ်ပေါင်လျှင် ၇၆ ကျပ်နှုန်း ရှိခဲ့ရာမှ ဈေးနှုန်းများ ကျလာခြင်းဖြစ်သည်ဟု ဆန်ရောင်းဝယ်သူများက ဆိုသည်။

တရုတ်နှစ်သစ်ကူး ပွဲတော်ပြီးနောက် မူဆယ်သို့ ဆန်တင်ပို့မှုများရှိလာသည့်နည်းတူ ရန်ကုန်မှ နယ်စုံသို့ ဆန်တင်ပို့မှုများသော်လည်း ရန်ကုန်- မူဆယ်ဆန်တစ်တန်ကားခ (နောက်တွဲယာဉ်ကားခ) ငွေကျပ်ရှစ်သောင်း ဝန်းကျင်သာရှိကြောင်း၊ ၁၂ ဘီးကားများမှာ တစ်တန်လျှင် ငွေကျပ်တစ်သိန်း တစ်သောင်းဝန်းကျင် ကားခရသော ဖရဲသီးတင်ပို့မှုတွင် ကုန်စည် တင်ဆောင်နေကြရာ ရန်ကုန်-မူဆယ်အသွားအပြန်ခရီးစဉ်တစ်ကြောင်းတွင် အကျိုးအမြတ် ငွေကျပ်ရှစ်သိန်း ဝန်းကျင်ရရှိကြောင်း မူဆယ်ပို့ကုန် ကားဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ယခုရက်ပိုင်းမှစ၍ မြစ်ဝကျွန်းပေါ်ဒေသတွင် စိုက်ပျိုးသော နွေစပါးများ စတင်ရိတ်သိမ်းပြီး ဈေးကွက်သို့ ဆန်တင်ပို့မှုများရှိလာချိန်တွင် ဆန်ဈေးနှုန်းများကျနိုင်မည်ဟု ဆန်ကုန်သည်များက မျှော်လင့်နေကြသော်လည်း စပါးထွက်ရှိရာ နယ်များတွင် စပါးဈေးများ သိသာစွာ ကျမလာလျှင် ဆန်ဈေးကျနိုင်မည် မဟုတ်ကြောင်း၊ ယခုရက်ပိုင်း မိုးစပါးကြမ်းဈေးနှုန်းမှာ ပေါင် ၅၀ ကိုက် တင်းတစ်ရာလျှင် ငွေကျပ်လေးသိန်းငါးသောင်းအထက်တွင်ရှိနေပြီး နွေစပါးဈေးနှုန်းမှာ ငွေကျပ်လေးသိန်းအခြေခံဈေးရှိမည်ဖြစ်ကြောင်း၊ လက်ရှိဆန်၊ ဆန်ကွဲဈေးနှုန်းဖြင့် တွက်လျှင်ငွေကျပ်လေးသိန်းနှုန်းသည် ကြိတ်ခွဲရောင်းချနေသူများအတွက် အကျိုးအမြတ်ရရှိကြောင်း၊ နှစ်စဉ်ဈေးနှုန်းတက်လေ့ရှိသော နှစ်လယ်နှောင်းပိုင်းကာလများအတွက် ဝယ်ယူသိုလှောင်ခြင်း၊ ငွေကြိုပေးဈေးနှုန်းသတ်မှတ်ဝယ်ယူခြင်းကို နယ်စပါးထွက်ရာမြို့တွင် မြင်တွေ့နေရရာ ဆန်စပါးဈေးနှုန်း သိသာစွာကျဆင်းနိုင်မှု နည်းနိုင်သဖြင့် နွေစပါးစိုက်ပျိုးသူများ ယခုနှစ်တွင် အကျိုးခံစားခွင့် ပိုမိုရရှိနိုင်သည်ဟု မြစ်ဝကျွန်းပေါ်ဒေသမှ ဆန်စပါးလုပ်ကိုင်သူများက ဆိုသည်။

နွေစပါးစိုက်ပျိုးသူများ ယခုနှစ်တွင် အကျိုးရှိသကဲ့သို့ မိုးစပါးအပြီး မတ်ပဲ၊ ငရုတ်စိုက်ပျိုးသူ မြစ်ဝကျွန်းပေါ်ဒေသမှ လယ်သမားများအနေဖြင့်လည်း လက်ရှိမတ်ပဲတစ်တန် (RC) ငွေကျပ်ခြောက်သိန်းခန့်၊ ငရုတ်ရှည်တစ်ပိဿာငွေကျပ် ၂၅၀၀ ဝန်းကျင်ဈေးနှုန်းရှိသဖြင့် မတ်ပဲ၊ ငရုတ်ထွက်ရှိမှုမှ အကျိုးခံစားမှုများစွာ ရရှိနိုင်သည်ဟု ပဲနှင့်ငရုတ်ရောင်းဝယ်သူများက ဆိုသည်။ **ခင်ဆိုင်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၅၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၅၂၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၃-၉၉၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၂-၁၅. ၇၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၇၀၀-၅၆၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၄၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၉၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၂၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၂၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၅၀-၅၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၂၂၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၇၁၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၉၀၀-၅၁၀၀
၁၂။ သကြား	တစ်ပိဿာ	၈၄၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

နိုင်ငံကြီးသားပီသစွာ
အခွန်ဆောင်တာ ပြည့်အကျိုးပါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
Post Graduate Diploma in Software Development သင်တန်းသားများခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ပူးပေါင်း၍ Post Graduate Diploma in Software Development (၉)လသင်တန်းကို ၂၀၁၄ခုနှစ် မေလ ၅ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းကာလ၏ ပထမ(၆)လကို အိန္ဒိယနိုင်ငံ The International Institute of Information Technology, Bangalore(IIITB)ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ကျန်သုံးလကို မန္တလေးမြို့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ III TB တွင် သင်တန်းတက်ရောက်စဉ်အတွင်း သင်တန်း၏ကုန်ကျစရိတ်၊ နေထိုင်စားသောက်စရိတ်၊ ခရီးစရိတ်အဝဝကို အိန္ဒိယအစိုးရမှ ကျခံသွားမည်ဖြစ်ပါသည်။

၄။ မန္တလေးမြို့တွင် သင်တန်းတက်ရောက်စဉ်အတွင်း သင်တန်းသားများသည် မိမိအစီအစဉ်ဖြင့် နေထိုင်စားသောက်ရမည်ဖြစ်ပါသည်။

၅။ ၂၀၁၁ခုနှစ် ဇွန်လ ၃၀ရက်နောက်ပိုင်း ME(IT), M.C.Sc, M.C.Tech, B.E(IT), B.C.Sc(Hons) နှင့် B.C.Tech(Hons.) ဘွဲ့ရရှိပြီး ပထမဘွဲ့၏ အတန်းစဉ်အလိုက် ပျမ်းမျှရမှတ် ၆၀% နှင့်အထက် ရရှိသူများ လျှောက်ထားနိုင်ပါသည်။

၆။ သင်တန်းသားလျှောက်လွှာများကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website(http://www.ucsm.edu.mm)မှတစ်ဆင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်ထားရာတွင် ခြောက်လအတွင်းရိုက်ထားသော ပတ်စပို့အရွယ်ဓာတ်ပုံတစ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် ပထမဘွဲ့၏ အတန်းစဉ်အလိုက် ရမှတ်စာရင်းများကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၈။ သင်တန်းသို့ တက်ရောက်ခွင့်ရရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်းစစ် စာမေးပွဲကို ၁၅-၃-၂၀၁၄ရက်တွင် ဝင်ရောက်ဖြေဆိုကြရမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်များနှင့် စာစစ်ဌာနများကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website တွင် ကြေညာသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website တွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၉-၆၅၀၂၂၁၅ နှင့် ၀၉-၆၅၀၅၀၁၂ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



ခြိုင်ဘူရီခရိုင်တွင် လူကုန်ကူးခံရသည့် မြန်မာအလုပ်သမား ငါးဦးကို ကယ်ထုတ်နိုင်

ဗန်ကောက် ဖေဖော်ဝါရီ ၂၁

ဗန်ကော်မြို့တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာတွင်ရှိသော ခြိုင်ဘူရီခရိုင် စာသဟာစ်မြို့ စမေးစံ ကမ်းခြေရှိ ချောင်းနှစ်ခွတံတား ငါးဖမ်းလှေဆိပ်တွင် ရောင်းစားခံထားရသည့် မြန်မာအလုပ်သမား ငါးဦးကို ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၁၆ ရက်က ကယ်ထုတ်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association Thailand)မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်က မြဝတီမြို့မှ ဝေယံလင်းဆိုသူက ဗန်ကောက် အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ရုံးသို့ အကူအညီတောင်းခံနေစဉ် ငါးဖမ်းစက်လှေမှ မွန်လူမျိုး ပိုက်ဆရာက ၎င်း၏ လက်ကိုင်ဖုန်းကို လုယူသွားသဖြင့် အချက်အလက်အသေးစိတ် မရရှိခဲ့သောကြောင့် MAT အဖွဲ့သည် ပူးပေါင်းဆောင်ရွက်နေကျ အဖွဲ့အစည်းများဖြစ်ကြသော ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးထောက်လှမ်းရေးတပ်ဖွဲ့ DSIနှင့် ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED တို့နှင့်တိုင်ပင်၍ အဆိုပါ ငါးဖမ်းစက်လှေ ပြန်ရောက်လာသည့်အခါ ကယ်တင်နိုင်ရန်အတွက် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ခဲ့ကြကြောင်း သိရပြီး ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၅ နာရီတွင် သတင်းရရှိထားသည့် လှေနံပါတ် . . . . . အတွဲလှေအမှတ်(၂) အဝါရောင်ဆိုက်ကပ်လာစဉ် မြန်မာအလုပ်သမားများကို ကယ်တင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ အသက် ၂၂ နှစ်အရွယ် ဝေယံလင်းက "ကျွန်တော် မဟာချိုင်မှာ အလုပ်လုပ်နေတာ၊ ပွဲစား ညီညီဆိုသူက ခြိုင်ဘူရီက သစ်သီးစက်ရုံမှာ အလုပ်ရမယ်ဆိုပြီး ငါးဖမ်းလှေမှာ ဘတ် ၁၅၀၀၀ နဲ့ လာရောင်းစားသွားတာ"ဟု ပြောသည်။ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ခြံရှည်ရွာမှ အသက် ၂၂ နှစ်အရွယ် အောင်သန်းနိုင်ကလည်း "ကျွန်တော်တို့ကို ရောင်းစားတာလည်း ဒီပွဲစား ညီညီပဲဖြစ်ပါတယ်။ ကျွန်တော်တို့တစ်ယောက်ကို ငွေကျပ်တစ်သိန်းခွဲစီ သူ့ကိုပေးခဲ့ရပါတယ်။ ပြီးတော့ ဒီ ငါးဖမ်းစက်လှေမှာ ကျွန်တော်တို့ကို တစ်ယောက်ကို ဘတ်တစ်သောင်းခွဲစီနဲ့ လာရောင်းစားသွားတာဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

MAT အဖွဲ့ရုံးတာဝန်ခံ ကိုစိုင်းအေးက "ကျွန်တော်တို့ မြန်မာအလုပ်သမားတွေကိုလွတ်အောင် ကယ်ထုတ်ရတာ ခက်ခဲသလောက် လှေပိုင်ရှင်နဲ့ ပွဲစားတွေ ဘာမှအပြစ်ဒဏ်ကျခံရတာ မရှိဘူး။ ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေးက ကျွန်တော်တို့အဖွဲ့ရဲ့ စာရင်းပေး မြန်မာအလုပ်သမားတွေကိုပဲ လှေနံပါတ်အတိအကျနဲ့ လှေဝင်လာတဲ့အချိန်မှာ ရှာသူကြီးကတစ်ဆင့် ခေါ်ပေးလိုက်တာပါ။ ထိုင်းပင်လယ်ထဲက ငါးဖမ်းစက်လှေတွေထဲမှာ လူကုန်ကူးခံနေရတဲ့ မြန်မာအလုပ်သမားတွေက ကျွန်တော်တို့နဲ့ အဆက်အသွယ်ရဖို့ သူတို့အချက်အလက်အတိအကျ ပြောဖို့နဲ့ သူတို့ငါးဖမ်းစက်လှေဝင်လာမယ့် ရက်မတိုင်ခင်ကြိုပြီး အချက်အလက်ပြောဖို့ ဘယ်လွယ်ပါ့မလဲ" ဟု ပြောခဲ့သည်။

MAT အဖွဲ့မှ ဖုန်းနံပါတ်များနှင့် အခြားလူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်နေသည့်အဖွဲ့အစည်းများ၏ ဖုန်းနံပါတ်များကို ပြီးခဲ့သော ၂၀၁၂ ခုနှစ်က မြန်မာနိုင်ငံမှ နိုင်ငံတော်အစိုးရထုတ်ဝေသည့် သတင်းစာများနှင့် ပြည်ပအခြေစိုက်ဒီမိုကရက်တစ် မြန်မာ့အသံတို့မှ အများပြည်သူများအတွက် အသိပေးကြေညာပေးခဲ့သလို ယခုတစ်ဖန် ထပ်မံကြေညာ ပေးစေလိုကြောင်း MAT အဖွဲ့က အကြံပြုပြောကြားခဲ့သည်။

စိုးဝင်း(SP)

တရားမဝင် ကျွန်းခွဲသားများဖမ်းဆီးရမိ

တိုက်ကြီး ဖေဖော်ဝါရီ ၂၁

ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဥက္ကံမြို့ပေါ်တွင် တရားမဝင် ကျွန်းခွဲသား (ပရိဘောဂအပိုင်းအစ) များတင်ဆောင်နေကြောင်း သတင်းအရ ဥက္ကံမြို့တွင်း ရန်ကုန်-ပြည်ကားလမ်းမပေါ်တွင် မောင်းနှင်လာသော ယာဉ်အမှတ် CC/. . . . နစ်ဆန်းဗင် အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ စစ်ဆေးမှု မခံယူဘဲ ဥက္ကံမြို့တွင်းသို့ မောင်းနှင်ထွက်ပြေးသွားသဖြင့် သစ်တောဝန်ထမ်းများအဖွဲ့မှ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လိုက်လံ၍ ထက်ကြပ်မကွာ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့သည်။

ဥက္ကံ-ကျွဲဘုတ် ကျေးလက်လမ်းဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း ယာဉ်ကိုရပ်တန့်၍ ယာဉ်ပေါ်ပါ သုံးဦးမှာ ထွက်ပြေးခဲ့ရာ သစ်တောဝန်ထမ်းများက လိုက်လံဖမ်းဆီးခဲ့သော်လည်း မမိလိုက်ပေ။ ယာဉ်ကို စစ်ဆေးရာ တရားမဝင် ကျွန်းခွဲသား ပရိဘောဂအပိုင်းအစများ ၀ ဒသမ ၄၀၀၀ တန် သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ သစ်ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်၍ အမှုဖွင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

လူကုန်ကူးရန် စည်းရုံးခေါ်ဆောင်သူများအား အရေးယူ

မန္တလေး ဖေဖော်ဝါရီ ၂၁

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(၁၁)မှ ဒုရဲအုပ်သက်ထွန်းဝင်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်က သက်သေများနှင့်အတူ ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ကားကြီးဝင်းအတွင်းသို့သွားရောက်၍ လူကုန်ကူးမှုသတင်းအရ မယော့ရှမ်း(ခ)မစုစုလှိုင်(၄၄နှစ်) ရန်ကုန်တိုင်းဒေသကြီး ဒဂုံ (မြောက်ပိုင်း)မြို့နယ်၊ ဒေါ်မိမိမော်(ခ)တရုတ်မ(၅၈နှစ်) ငုဝါလမ်း ဒဂုံ (မြောက်ပိုင်း)မြို့နယ်၊ မရီရီခင်(၁၈နှစ်) အိမ်မဲမြို့နယ် ဧရာဝတီတိုင်းဒေသကြီးနှင့် မဇင်မာထွေး (၁၅နှစ်) ကညင်ကုန်းကျေးရွာ အိမ်မဲမြို့နယ်နေသူတို့ လေးဦးကို တွေ့ရှိခဲ့သည်။ တပ်ဖွဲ့စု(၁၁)ရုံးသို့ ခေါ်ဆောင်လာကာ ဒေါ်မိမိမော်(ခ)မတရုတ်မ၊ မရီရီခင်နှင့် မဇင်မာထွေးတို့အား စစ်ဆေးရာ မယော့ရှမ်း(ခ)မစုစုလှိုင်က ၎င်းတို့အား ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့တွင် အိမ်ဖော်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်နှင့် လုပ်အားခအနေဖြင့် တစ်လလျှင် စရိတ်ငြိမ်း ငွေကျပ် ၅၀၀၀၀ ရမည်၊ တရုတ်ငွေ ၁၀၀ ဘောက်ဆူးပေးမည်။ တရုတ်ယောကျ်ားပေးစားမည်။ ငွေအများကြီးရမည်ဟု ပြောဆိုခဲ့ကြောင်း၊ မိန်းမလိုချင်သော တရုတ်ယောကျ်ားများနှင့် လိုက်စပ်ပေးပြီး ငွေကြေးရယူရန် စည်းရုံးခေါ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြို့မရဲစခန်း(ပြည်ကြီးတံခွန်)က အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နိုင်ငံတကာအားကစားသတင်း

တနင်္ဂနွေမှာ ပေါက်ကွဲမယ့် ပရီမီယာလိဂ်ပွဲစဉ်တွေ

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ် (၂၇)ရဲ့ လက်ကျန်ပွဲစဉ် သုံးပွဲဖြစ်တဲ့ လီဗာပူးနဲ့ ဆွမ်ဆီး၊ နယူးကာဆယ်နဲ့ ဗီလာ၊ နော့ဝှစ်နဲ့ စပါးတို့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၃ ရက်မှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ မျှော်မှန်းချက်ကြီးကြီးထားနေတဲ့ လီဗာပူးနဲ့ စပါးတို့ရဲ့ ပြင်းပြတဲ့ စိတ်ဓာတ်နဲ့ ကြိုးစားအားထုတ်မှုတွေကို စောင့်မျှော်ကြည့်ရှုရမှာဖြစ်ပါတယ်။ သူတို့အတွက် နိုင်ပွဲက လက်တစ်ကမ်းမှာရှိပေမယ့် ပေါ့ဆခဲ့ရင်တော့ ပရိသတ်တွေ ရင်မောရမယ့် အဖြစ်လည်း ကြုံတွေ့ရနိုင်တဲ့ပွဲတွေ ဖြစ်ပါတယ်။

လီဗာပူးနှင့် ဆွမ်ဆီး

နိုင်ပွဲတွေ ပြန်ရနေတဲ့ လီဗာပူးဟာ ခုခံမှုအားကောင်းတဲ့ ဆွမ်ဆီးကို သတိထားကစားရပါလိမ့်မယ်။ လီဗာပူးဟာ အိမ်ကွင်းမှာ ဂိုးတွေရအောင် သွင်းယူတတ်တာမို့ အဝေးကွင်း ရလဒ်မကောင်းတတ်တဲ့ ဆွမ်ဆီးတို့လည်း ရင်တမမနဲ့ ကစားရပါလိမ့်မယ်။ တိုက်စစ်မှူး ဆွာရက်ဇ်ရဲ့ မွှေနှောက်နိုင်မှုတွေက ဆွမ်ဆီးခံစစ်မှူးတွေကို အမှားအယွင်းဖြစ်ပေါ်စေမှာပါ။ ဒီပွဲမှာ လီဗာပူးတို့အတွက် အနိုင်သုံးမှတ် သေချာစေမယ့်ပွဲဖြစ်ပြီး တန်းစီဇယားမှာ ရပ်တည်မှု နေရာကောင်းအောင် အားထုတ်မယ့်ပွဲလည်း ဖြစ်ပါတယ်။ လီဗာပူးတိုက်စစ်မှူးတွေ စွမ်းဆောင်မှု ကောင်းကောင်းနဲ့ အဆုံးသတ်သေချာခဲ့ရင်တော့ ပြတ်သားတဲ့ ရလဒ်နဲ့အတူ အပျော်တွေဟာ လီဗာပူးပရိသတ်အတွက် ဖြစ်စေမှာပါ။

နော့ဝှစ်နှင့် စပါး

ပထမအကျော့စပါးကွင်းမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ ရှုံးကြွေးကို နော့ဝှစ်တို့ ဒီပွဲမှာလည်း ပြန်ဆပ်နိုင်ဖို့ခဲယဉ်းပါလိမ့်မယ်။ ရလဒ်တွေ ဆိုးရွားနေတဲ့ နော့ဝှစ်ဟာ မန်စီးတီးကို သရေကစားနိုင်တဲ့ ခြေစွမ်းမျိုး ပြန်ရရင်တော့ စပါးတို့ သတိထားရပါလိမ့်မယ်။ စပါးအသင်းဟာ နိုင်ပွဲတွေ ပြန်ရနေပြီး အသင်းလိုက် အားထုတ်မှုလည်း ပြန်ကောင်းနေတာမို့ ဒီပွဲကို အဝေးကွင်းဆိုပေမယ့် အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ အဝေးကွင်းမှာ စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားတတ်တဲ့ စပါးကိုပဲ ဒီပွဲမှာ စိတ်တိုင်းကျစရာအဖြစ် ရွေးရမှာ ဖြစ်ပါတယ်။

နယူးကာဆယ်နှင့် ဗီလာ

နှစ်သင်းစလုံးခြေစွမ်းက အားရစရာမရှိပေမယ့် ခြေရည်တူနေလို့ အကြိတ်အနယ်ရှိမယ့် ပွဲပါပဲ။ ပထမအကျော့ ဗီလာကွင်းမှာ ကစားတော့ ဗီလာတို့ နှစ်ဂိုး-တစ်ဂိုး ရှုံးထားတာမို့ အခု အဝေးကွင်းပွဲဖြစ်တာမို့ ရလဒ်ကောင်းဖို့ အခွင့်အရေးပိုနည်းနေပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ အဝေးကွင်းမှာ ခြေစွမ်းပြနေတဲ့ ဗီလာရဲ့ အားထုတ်မှုကလည်း သတိပြုစရာဖြစ်နေပါတယ်။ အခုတစ်လော တိုက်စစ်မှူးတွေ ဂိုးမိုးခေါင်နေတဲ့ နယူးကာဆယ်တို့ကလည်း အလေးထား ပြင်ဆင်ကစားပါမှ အမှတ်ရဖို့ရှိနေပါတယ်။ အကြိုက်က အိမ်ရှင်ပါ။

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၇ ဖေဖော်ဝါရီ ၂၂

ချယ်လ်ဆီး	-	အဲဗာတန်	ည ၇း၁၅
အာဆင်နယ်	-	ဆန်းဒါးလန်း	ည ၉း၃၀
ကာဒစ်ဖ်	-	ဟားလ်စီးတီး	ည ၉း၃၀
မန်စီးတီး	-	စတုတ်စီးတီး	ည ၉း၃၀
ဝက်စ်ဘရွန်း	-	ဖူလ်ဟမ်	ည ၉း၃၀
ဝက်စ်ဟမ်း	-	ဆောက်သမ်တန်	ည ၉း၃၀
ပဲလေ့စ်	-	မန်ယူ	ည ၁၂း၀၀

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၂၂ ဖေဖော်ဝါရီ ၂၂

ဂလက်ဘတ်	-	ဟော်ဖန်ဟိမ်း	ည ၉း၀၀
စတုဂတ်	-	ဟာသာဘာလင်	ည ၉း၀၀
နူရင်ဘတ်	-	ဘရန်းရှ်ဝှစ်	ည ၉း၀၀
ဖရိုင်းဘတ်	-	အော့စ်ဘတ်	ည ၉း၀၀
ဟမ်းဘတ်	-	ဒေါ့မွန်	ည ၉း၀၀
ဝုဖ်ဘတ်	-	လေဗာကူဆင်	ည ၁၂း၀၀

အီတလီစီးရီးအေ ပွဲစဉ်-၂၅ ဖေဖော်ဝါရီ ၂၃

ဘိုလော့ဂ်နာ	-	ရိုးမား	နံနက် ၂း၁၅

စပိန်လာလီဂါ ပွဲစဉ်-၂၅ ဖေဖော်ဝါရီ ၂၂/၂၃

ရီးရဲမက်ဒရစ်	-	အယ်လ်ချီ	ည ၉း၃၀
ဆယ်လ်တာဗီဂို	-	ဂီတာဖေး	ည ၁၁း၃၀
ဆိုစီဒက်	-	ဘာစီလိုနာ	နံနက် ၁း၃၀
အယ်လ်မာရီးယား-		မာလာဂါ	နံနက် ၃း၃၀

ဆွမ်ဆီးအိမ်ကွင်း နာပိုလီကို မနိုင်

ယူရိုပါလိဂ် (၃၂) သင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဆွမ်ဆီးနှင့် နာပိုလီတို့ပွဲတွင် ဂိုးမရှိသရေပွဲ ဖြစ်သွားခဲ့သည်။ အိမ်ရှင်ဆွမ်ဆီးအသင်းသည် ပထမပိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ဧည့်အသင်းဂိုးသမားရာဖေးလ်ကာဘာရယ်အစွမ်းပြနေမှုကြောင့် အနိုင်ဂိုးများ လွဲချော်ခဲ့ရသည်။

ဆွမ်ဆီးကစားသမားများဖြစ်ကြသည့် ဘိုနီ၊ ရောက်တလက်နှင့် အိန်ဂျယ်ရန်ဂဲတို့ ဂိုးသွင်းရန် ကြိုးစားသော်လည်း နာပိုလီ ဂိုးသမား၏ အစွမ်းကို မကျော်နိုင်ခဲ့ပေ။ ဒုတိယအကျော့အဖြစ် ယင်းတို့နှစ်သင်းသည် လာမည့် ကြာသပတေးနေ့တွင် အီတလီ၌ ကစားရမည်ဖြစ်သည်။

ဗီဒစ် အင်တာမီလန်သို့ ရောက်နိုင်

မန်ယူအသင်း ခေါင်းဆောင် ဗီဒစ်ကို အပြီးသတ်စာချုပ်ရန် အလွန်နီးစပ်သွားပြီဖြစ်ကြောင်း အင်တာမီလန်ဥက္ကဌ အဲရစ်တိုဟာက ပြောသည်။

အသက် ၃၂ နှစ်အရွယ်ရှိ ဆားဘီးယားနောက်တန်းလူကို အီတလီကလပ်က စာချုပ်နိုင်လျှင် ယခုနှစ်ရာသီကုန်ဆုံးချိန်တွင် ဗီဒစ်အနေဖြင့် မန်ယူမှ အလွတ်ပြောင်းရွှေ့လာမည်ဖြစ်သည်။

ဗီဒစ်သည် ၂၀၀၆ ခုနှစ်က စပါးတပ်စ် မော်စကိုမှ ပေါင် ခုနစ်သန်းဖြင့် မန်ယူသို့ ပြောင်းရွှေ့လာခဲ့သည်။

ကောင်းမြတ်သူစုစည်းသည်

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ခုနှစ် ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ်တန်ဖိုးနည်းမိုဘိုင်းဖုန်း သုံးသိန်းငါးသောင်းစီကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ၊ အဆင်ပြေချောမွေ့စွာဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ရောင်းချပြီးသော တန်ဖိုးနည်းမိုဘိုင်းဖုန်း ၃ ဒသမ ၇၅ သန်းအပါအဝင် စုစုပေါင်း မိုဘိုင်းဖုန်း ၇ ဒသမ ၃၅ သန်းကျော် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း ၈ ဒသမ ၇ သန်းကျော်အား အချိုးချတွက်ကြည့်မည်ဆိုလျှင် အိမ်ထောင်စု ၁ ဒသမ ၁၈ စုလျှင် မိုဘိုင်းဖုန်းတစ်လုံးနှုန်း ရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်း ဖုန်းသုံးစွဲရန်လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိနေရပါသဖြင့် အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်းပိုမိုသုံးစွဲခွင့် ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ ကြိုတင်ပေးသွင်းထားသော CDMA 800 MHz/ GSM/ WCDMA မိုဘိုင်းဖုန်း ၃၅၀၀၀၀ ကို SIM Card တစ်ခုအတွက် ကျပ် ၁၅၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့်အခါ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အများပြည်သူတို့အတွက် ပုံမှန်ရောင်းချပေးနေသည့် အစီအစဉ်အပြင် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားများအတွက် သီးသန့်ထည့်သွင်းဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလတွင် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိတပ်ဆင်ပေးထားသောလိုင်းအင်အားနှင့် အမှန်တကယ်သုံးစွဲနေသော အခြေအနေများအပေါ်မူတည်၍ ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီးပေးရန် လျာထားတွက်ချက်ထားပါသည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ၊ တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းများ ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	အများပြည်သူ		ပင်စင်စား	စုစုပေါင်း
		CDMA 800	GSM	WCDMA	
၁	နေပြည်တော်ကောင်စီနယ်မြေ	၁၈၀၀၀		၂၂၀၀	၂၀၂၀၀
၂	ကချင်ပြည်နယ်	၂၀၀၀	၁၀၀၀	၁၃၀၀	၄၃၀၀
၃	ကယားပြည်နယ်		၂၀၀	၄၀၀	၆၀၀
၄	ကရင်ပြည်နယ်		၅၀၀၀	၉၀၀	၅၉၀၀
၅	ချင်းပြည်နယ်		၃၀၀	၇၀၀	၁၀၀၀
၆	စစ်ကိုင်းတိုင်းဒေသကြီး	၆၀၀၀	၄၅၀၀	၃၆၀၀	၁၄၁၀၀
၇	တနင်္သာရီတိုင်းဒေသကြီး	၆၀၀၀		၇၀၀	၆၇၀၀
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၂၀၀၀၀		၃၆၀၀	၂၃၆၀၀
၉	ပဲခူးတိုင်းဒေသကြီး(အနောက်)	၆၀၀၀		၁၆၀၀	၇၆၀၀
၁၀	မကွေးတိုင်းဒေသကြီး		၁၅၀၀၀	၃၃၀၀	၁၈၃၀၀
၁၁	မန္တလေးတိုင်းဒေသကြီး	၄၆၀၀၀		၅၃၀၀	၅၁၃၀၀
၁၂	မွန်ပြည်နယ်		၆၀၀၀	၂၀၀၀	၈၀၀၀
၁၃	ရခိုင်ပြည်နယ်	၁၀၀၀၀		၁၇၀၀	၁၁၇၀၀
၁၄	ရန်ကုန်တိုင်းဒေသကြီး	၁၃၀၀၀၀		၁၅၀၀၀	၁၄၅၀၀၀
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)		၄၅၀၀	၁၀၀၀	၅၅၀၀
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)		၄၅၀၀	၅၀၀	၅၀၀၀
၁၇	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၀၀၀	၃၀၀၀	၁၆၀၀	၆၆၀၀
၁၈	ဧရာဝတီတိုင်းဒေသကြီး	၄၀၀၀	၆၀၀၀	၄၆၀၀	၁၄၆၀၀
		၂၅၀၀၀၀	**၅၀၀၀၀**	**၅၀၀၀၀**	**၃၅၀၀၀၀**

၄။ ပြည်သူများ သက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့်ရက်မှစ၍ ၁၅ ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ကျပ် ၅၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှကာကွယ်နိုင်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါသည်။

၅။ ဤတန်ဖိုးနည်းမိုဘိုင်းဖုန်းများသည် လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခကျပ် ၂၅၀၀ကို အနည်းဆုံး သုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ကျပ် ၅၀၀၀ ကို အပြည့်မသုံးစွဲပါက ကျပ် ၅၀၀၀ ပြည့်သည်အထိ အလိုအလျောက် ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသော ငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံ၍ ဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(Feb - 28. Mar - 4/7/11/14)
Feb - 21/28, Mar - 7/14/21/26/28, Apl - 4/11/12/17
Ph : 380141, 241663, 09 43043105, 09 73251422

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးလှထွန်းစိန် ၁၂/တမန(နိုင်)၀၉၂၂၇၅ ၏ နိုင်ငံကူးလက်မှတ် ၂၀၃၉၃၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၀၁-၅၇၃၃၉၇

စာအုပ်စာပေ လူ့မိတ်ဆွေ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၂၂၈၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

(၁)နှစ်ပြည့် မွေးနေ့ဆုမွန်ကောင်း

ပါပါ ဦးဇော်လတ်-မေမေ ဒေါ်စန္ဒာအေးတို့၏ သမီးငယ် သိမ့်သီရိခေတ်၏ ၂၂-၂-၂၀၁၄ ရက်တွင် ကျရောက်သော (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းရာကျော်တိုင်အောင်ရှိပြီး ပညာထူးချွန်ထက်မြက်သည့် သမီးကောင်း ရတနာလေးအဖြစ် ပြီးပြည့်စုံသောဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ပါပါ - ဦးဇော်လတ်
မေမေ - ဒေါ်စန္ဒာအေး
ကိုကို - ကောင်းခန့်စံ

ဌာနဆိုင်ရာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီသို့ ကျေးလက်ဒေသသောက်သုံးရေရရှိရေးနှင့်ပတ်သက်၍အကြံပြုချက်များအပေါ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ ၇-၁၁-၂၀၁၃ ရက်နေ့ မကွေးတိုင်းဒေသကြီး ခရီးစဉ်တွင် ပြည်သူလူထု ကိုယ်စားလှယ်များက ကျေးလက်ဒေသသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန် အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ စလင်းမြို့နယ်၊ ငဖဲမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် ကျေးရွာ ၁၂ ရွာကို ခန့်မှန်းကုန်ကျငွေကျပ် ၁၆၈ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်နှင့်ပေါက်မြို့နယ်တို့တွင် ကျေးရွာ ၁၃ ရွာကိုခန့်မှန်းကုန်ကျငွေကျပ် ၂၄၁ ဒသမ ၆ သန်း ဖြင့်လည်းကောင်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၃၈၄ ရွာ၊ ရေပေးရေးလုပ်ငန်း ၄၄၄ ခု ဆောင်ရွက်ရန် ကျန်ရှိမှုအပေါ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်နှစ်တွင် တစ်နှစ်လျှင် ကျေးရွာ ၁၀၀ နှုန်းဖြင့် ဘတ်ဂျက် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ၏ ၁၅-၁၁-၂၀၁၃ ရက်နေ့ ပဲခူးတိုင်းဒေသကြီးခရီးစဉ်တွင် အကြံပြုတင်ပြသည့် သနပ်ပင်မြို့နယ်၊ စဉ့်အိုးဘိုကျေးရွာ၊ ကျီးပင်စုကျေးရွာ၊ သနပ်တန်းကျေးရွာ၊ အောက်တကဲကျေးရွာ၊ ထောင်မင်းကျေးရွာ၊ အပိုင်ကျေးရွာ၊ ကမ်းပြိုကျေးရွာနှင့် လွှမ်းပြေကျေးရွာတို့တွင် ပေ(၁၀၀×၁၀၀×၆) ရေကန်သစ်တူးဖော်ခြင်း လုပ်ငန်းရှစ်ခုကို ခန့်မှန်းကုန်ကျငွေကျပ် ၆၄ သန်းဖြင့် လည်းကောင်း၊ ငါးချဉ်ပိုင်း ကျေးရွာတွင် တွင်းနက် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းအား ခန့်မှန်း ကုန်ကျငွေကျပ် ၁၂ သန်းဖြင့်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလဘတ်ဂျက်တွင် လျာထား ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ်အတွင်းရှိ ကျူချောင်း၊ ကွဲဖြူချောင်း၊ အောက်သောင်၊ ညောင်ပင်စု၊ ဝဲပြန်၊ ကျီးပင်စု၊ ရစ်ကံလေးနှင့်ဖရဲကျေးရွာတို့တွင် သောက်ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းရှစ်ခုကို ခန့်မှန်းကုန်ကျငွေကျပ် ၂၈ သန်းဖြင့် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ် (ဖြည့်စွက်) ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ၏ ၁၃-၁၂-၂၀၁၃ ရက်နေ့ ရှမ်းပြည်နယ်ခရီးစဉ်တွင် အကြံပြုတင်ပြသည့် ကလောမြို့နယ် နန့်ပန်တက်ကျေးရွာ၊ ဝက်ဖြူရေကျေးရွာနှင့် မကွေကျေးရွာတို့တွင် စိမ့်စမ်းရေသွယ်လုပ်ငန်း သုံးခု၊ ရေယောင်းမကျေးရွာတွင် အခြားရေပေးရေးလုပ်ငန်းတစ်ခု၊ သရက်ပုကျေးရွာ၊ ကမ္ဘာ့နီကျေးရွာနှင့် ထနောင်းပင်ကျေးရွာတို့တွင် ရေကန်သုံးကန် စုစုပေါင်းရေပေးရေးလုပ်ငန်း ခုနစ်ခုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခန့်မှန်းကုန်ကျငွေကျပ် ၇၄ ဒသမ ၃ သန်းဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု ဥမှင်ကျေးရွာနှင့် ဖက်နမ်ကျေးရွာတို့တွင် တွင်းနက်တူးဖော်ခြင်း လုပ်ငန်းသုံးခုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခန့်မှန်းကုန်ကျငွေကျပ် ၃၆ သန်းဖြင့် လည်းကောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘတ်ဂျက် လျာထား ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ(Delivery Unit)သို့ ပေးပို့လာသည့် ကျေးလက်သောက်သုံးရေရရှိရေးဆိုင်ရာ အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ထပ်မံအကြံပြုလိုသည်များရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီသို့ပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံ ပရိယတ္တိစာသင်တိုက်အတွင်း၌ဆောက်လုပ်မည့် ဓမ္မဝါစကကျောင်းတော်ကြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီက အဆိုပါဆောက်လုပ်မည့်မြေနေရာ၌ကျင်းပစဉ်။

နေလင်း(ညောင်လေးပင်)

သန်းခေါင်စာရင်းကောက်ကြစို့ ဆိုင်းဘုတ်တင်

ရမည်းသင်း ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရန်အောင်မြင်လမ်း မြို့ကျက်သရေဆောင် သီလလမ်းမကြီး မြောက်ဘက်အနီးတွင် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ပြည်သူအားလုံးပါဝင်ဖို့သန်းခေါင်စာရင်းကောက်ကြစို့(ဗီနိုင်း) ဆိုင်းဘုတ်ကို တပ်ဆင်မှုပြုလုပ်သည်။

အလားတူယင်းနေ့တွင်ပင် ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့နယ် တို့တွင်လည်း လူစည်းကားရာနေရာများတွင် ပြည်သူအားလုံးပါဝင်ဖို့ သန်းခေါင်စာရင်းကောက်ကြစို့ ဗီနိုင်းဆိုင်းဘုတ်များ တပ်ဆင်မှု ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရမည့် လုပ်ငန်းကို မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကောက်ယူသွားကြမည်ဖြစ်ကြောင်း သိရသည်။

(၀၁၁)

တောင်ငူမြို့တွင် မောင်းတံဂိတ်ကိုဖြတ်မောင်းသည့်ဆိုင်ကယ် ရထားဖြင့်တိုက်

တောင်ငူ ဖေဖော်ဝါရီ ၂၁

ဖေဖော်ဝါရီ ၁၉ ရက် ည ၁၁ နာရီက တောင်ငူမြို့ ၉ ရပ်ကွက် ထီးလှိုင်လမ်းနှင့်မီးရထား သံလမ်းဂိတ်ဆုံရာ ဂိတ်အမှတ် ၅ တွင် အမှတ် ၃ အဆန်အမြန်ရထားနှင့်မော်တော်ဆိုင်ကယ် တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရန်ကုန်မှမန္တလေးဘက်သို့ထွက်ခွာလာသော အမှတ် ၃ အဆန်အမြန်ရထား သည် တောင်ငူမြို့ မီးရထားသံလမ်းဂိတ် အမှတ် ၅ ဂိတ် အရောက်တွင် မီးရထားသံလမ်း၏ အနောက်ဘက်ခြမ်း ပိတ်ထားသော မောင်းတံအောက်ကို ဖြတ်ဝင်မောင်းနှင်လာသည့်လော်ဂျား ၁၁၀ အစိမ်းရောင် ဆိုင်ကယ် ကယ်ရီမောင်းနှင်သူ သိန်းနိုင်(၃၀ နှစ်) ဆင်ဆိပ်ကျေးရွာအုပ်စု ကန်ပေါက်ကြီး ကျေးရွာ တောင်ငူမြို့ နေသူနှင့် ၎င်းဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ ကျော်နိုင်ဝင်း (၃၄နှစ်) လှိုင်ကော်မြို့နေသူတို့ စီးနင်းလာသည့် မော်တော်ဆိုင်ကယ်နှင့် တိုက်မိခဲ့ရာ နှစ်ဦးစလုံး ဒဏ်ရာများဖြင့် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့သည်။

ယာဉ်တိုက်မှုကို သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိပြီး အဆိုပါနေရာ၌၂၀၁၁ ခုနှစ်တွင် ဒိုင်နာအမျိုးအစား ခရီးသည်တင်ယာဉ်နှင့် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ခရီးသည်တင်မှန်လုံ အမြန်ယာဉ်နှင့်တစ်ကြိမ်၊ ယခုနှစ်တွင် တစ်ကြိမ် တိုက်မှု စုစုပေါင်း သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

သူရ(တောင်ငူ)

စလင်းမြို့နယ်၌ ကွန်ကရစ်တံတားသစ်ဖွင့်

စလင်း ဖေဖော်ဝါရီ ၂၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရှမ်းစု-ဝက်သိုက်ကျေးလက် ကွန်ကရစ်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက အဆိုပါကွန်ကရစ်တံတား မှခ်ဦး၌ကျင်းပသည်။

အဆိုပါ ကွန်ကရစ်တံတား သစ်မှာ အလျား ၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၈ ပေရှိပြီး မကွေးတိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၈၅ သိန်း အကုန်အကျခံကာ ဝက်သိုက်- တဲကုန်း-ရုံးပင်တန်၊ နယ်မြေခံတပ်ရင်း သုံးရင်းနှင့်မင်းတန်ရွာအတွက် သွားလာရေးလွယ်ကူ၍ ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများအား ဝယ်ယူလိုပါသည်-

Video Conferencing Device and Accessories

- HDX 7000-720, EagleEye HD Camera	7 sets
- Projector, Lumens 2200, Canon	7 Nos
- Projector Screen, Remaco 10' Motorized	7 Nos
- Multi Point Licence for HDX 7000	2

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၈-၂-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါ တက္ကသိုလ်များတွင် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) နည်းပညာတက္ကသိုလ်(ဘားအံ) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း(၁၀)ခု
(ခ) နည်းပညာတက္ကသိုလ်(ကလေး) ကျောင်းရှေ့မျက်နှာစာ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း
(ဂ) နည်းပညာတက္ကသိုလ်(မြိတ်) အားကစားကွင်းတည်ဆောက်ခြင်းလုပ်ငန်း
(ဃ) နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၈-၂-၂၀၁၄ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရောဝဏ်အိမ်ရာစီမံကိန်းနှင့် ရတနာအိမ်ရာစီမံကိန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ရောဝဏ်နှင့် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းအတွက် လိုအပ်သောပိုက်နှင့် ပိုက်ဆက်ပစ္စည်းများအား မြန်မာငွေ(ကျပ်)ဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၂-၂၀၁၄ ရက် (သောကြာနေ့)
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၆-၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)
၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၇-၂-၂၀၁၄ ရက် (ကြာသပတေးနေ့)၁၀း၀၀နာရီ
၅။ **တင်ဒါဖွင့်မည့်နေရာ** - ရောဝဏ်၊ ရတနာအဆင့်မြင့်အိမ်ရာစီမံကိန်း ကော်မတီရုံး၊ ဒဂုံမြို့နယ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့် အမက(၃) ကျောင်းလမ်းထောင့်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၁-၅၉၀၀၈၈
၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာမှူး(ရေ/သန့်)
အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
အမှတ် ၃၉၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၉၅

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

ဦးမောင်မောင်မိုး၏သမီး အထက(၂)၊ ပဉ္စမတန်း(E)မှ မခင်စန္ဒီဘိုအား မနှင်းသိမ့်ဝေဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းသိမ့်ဝေ

ဖခင်အမည်မှန်

လားရှိုးမြို့၊ အမှတ်(၈) အခြေခံပညာ အလယ်တန်းကျောင်း အဋ္ဌမတန်း(ဂ)မှ မသန္တာခူးခူး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၁-၂၀၀၀နှင့် ဖခင်အမည်မှန်မှာ ဦးသူရလင်းအောင်၊ အမိအမည်မှာ ဒေါ်အေးအိမ် ဖြစ်ပါကြောင်း။

အမည်ပြောင်း

ရန်ကုန်မြို့၊ ဦးသောင်းတင်၏သား ဗဟန်း အထက(၂) Grade 9(I) အခန်းမှ မောင်စိုးထက်အောင်အား ယနေ့မှစ၍ မောင်သောင်းဇော်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သောင်းဇော်ထွန်း

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံ ပေ(၄၀×၃၀×၁၂) အုတ်ညှပ်၊ သွပ်မိုး၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၈-၂-၂၀၁၄ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၅-၂-၂၀၁၄ ရက်၊ ညနေ ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပျဉ်းမနားမြို့၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၂၂၇၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖခင်အမည်မှန်

ကောင်းမြတ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော မချိုဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးဗန်ဒိုလူလေး ၆/လလန(နိုင်)၀၀၄၉၆၇ ဖြစ်ပါသည်။

မြေကွက်ကျယ်အမြန်ရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်လမ်းဆုံအနီး၊ တိလောကရပ်ကွက်၊ ပေ(၅၆×၅၀)နှင့် ပေ(၇၅×၂၀၀) တွဲလျက် 3-B မြေအမျိုးအစား ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင်ရောင်းမည်။

ရောင်းဈေးကျပ်သိန်း ၃၀၅၀ (ညှိနှိုင်း)၊

ဖုန်း-၀၉-၇၃၇၆၀၅၅၀၊ ၀၉-၇၃၂၁၄၇၉၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာ့ရတနာတန်းဝင်ရော်ဘာပင်

သက်နိုင်(ပြင်ဦးလွင်)

ရွှေဟုဆိုလျှင် ကမ္ဘာပေါ်ရှိလူသားတိုင်းနှစ်သက်မြတ်နိုးကြသည်။ အဝါရောင်ရွှေဖြစ်စေ၊ ပလက်တီနမ်ဟုခေါ်သော ရွှေဖြူဖြစ်စေ တရှိက်မက်မက်ကြိုက်နှစ်သက်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် တန်ဖိုးရှိသောကြောင့်ပင်ဖြစ်သည်။

ရွှေကဲ့သို့ပင် အဖိုးတန်သော သစ်ပင်တစ်ပင်မှာ မြန်မာပြည် အောက်ပိုင်းဒေသ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးထုတ်လုပ်သော ရော်ဘာပင်ဖြစ်လေသည်။ ထိုပြည်နယ်များနှင့် တိုင်းဒေသကြီးအတွင်းဝင်ရောက်လိုက်သည်နှင့် မျက်စိတစ်ဆုံးရှိသော ရော်ဘာခြံကြီးများကို လမ်းဘေးဝဲယာတွင်တွေ့ရှိရသည်။

ရော်ဘာထုတ်ကုန်ပစ္စည်းများကို ယနေ့ကမ္ဘာပေါ်တွင် အများအပြားတွင်ကျယ်စွာ အသုံးပြုလျက်ရှိပြီး လူသားတို့အတွက် မရှိမဖြစ်ပစ္စည်းဟူ၍ပင် တင်စားပြောဆိုရလောက်အောင် အသုံးဝင်လှပေသည်။ ရော်ဘာပင်ကို အစေ့ချစိုက်ခြင်းနှင့် ကိုင်းဆက်စိုက်ခြင်းဟူ၍ နှစ်မျိုးစိုက်ပျိုးကြသည်။ အများအားဖြင့် တစ်ဧကလျှင် အပင် ၃၅၀အတိုအရှည်လိုက် စိုက်ပျိုးပြီး ဒေသအခေါ် တစ်မြောင်းဟုခေါ်ဆိုကြသည်။ ရော်ဘာခြံကြီးတစ်ခြံတွင် မြောင်းပေါင်းများစွာ ဧကပေါင်းများစွာ ကျယ်ဝန်းပေသည်။

အစေ့ချစိုက်ပျိုးနည်းနှင့် ကိုင်းဆက်စိုက်ပျိုးနည်း ပေါ်မူတည်၍ အစေးထွက် အနည်းအများနှင့် အပျစ်အကျဲကွာခြားသလို ဓာတ်မြေဩဇာ သုံးစွဲရမှုနှင့်ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။ ရော်ဘာပင် စိုက်ပျိုးထားလျှင် အပင်ကောင်းပါက နှစ် ၆၀ မှ ၇၀၊ အပင်ညံ့ပါက နှစ် ၃၀ ဝန်းကျင် သက်တမ်းရှိလေသည်။ ရော်ဘာပင်တစ်ပင်၏ လစဉ်ဝင်ငွေသည် ငွေကျပ် ၂၅၀ ဝင်ငွေရှိသောကြောင့် ငါးဧကကျော်၊ ခြောက်ဧကခန့်စိုက်ပျိုးထားပါက တစ်လဝင်ငွေ ငါးသိန်းရရှိနိုင်ပေသည်။ ရော်ဘာပင်ကိုစိုက်ပျိုးအပြီး ခုနစ်နှစ်သားအရွယ်တွင် အစေးစတင်ထုတ်ယူနိုင်ပေသည်။ ထို့ကြောင့် ရော်ဘာပင်စိုက်ပျိုးပြီးပါက နောင်နှစ်ပေါင်းများစွာ ထုတ်ယူသုံးစွဲနိုင်ပေသည်။ ရော်ဘာပင်မှ အစေးသာမက အရွက်နုများကိုစားသုံးနိုင်သည်။ အချို့ပန်းပညာရှင်တို့က ရော်ဘာအရွက်ခြောက်များကို ဆေးရောင်စုံဆိုး၍ ပန်းအတုများပုံဖော်ကြသည်။ အစေးထွက်ရှိမှုနည်းသွားသော ရော်ဘာပင်ကြီးများကို ဒေသတွင်းသစ်ထုတ်လုပ်၍လည်းကောင်း၊ ထင်းအဖြစ် လည်းကောင်းသုံးစွဲနိုင်လေသည်။ ရော်ဘာပင်တစ်ပင်ကို သက်တမ်းစေ့အစေးထုတ်ယူသုံးစွဲနိုင်ရန်အတွက် အပင်ထိန်းသိမ်းစောင့်ရှောက် အစေးလှီးသည့် ဥယျာဉ်မှူးအပေါ်တွင်လည်း မူတည်နေသေးသည်။ အစေးလှီးသည့် ဥယျာဉ်မှူး သို့မဟုတ် လုပ်သားမကောင်းပါက အပင်ပျက်၍ အစေးအထွက်နည်းသွားနိုင်သည်။

ရွှေကဲ့သို့ပင် အဖိုးတန်သော ရော်ဘာပင် . . .

ရော်ဘာပင်ပိုင်ရှင်မှ ငွေကြေးအတွက်ဖြစ်စေ၊ ဥစ္စာပစ္စည်းအတွက် ဖြစ်စေအလိုရှိပါက "သားအဖေဘာလိုချင်တယ်"ဟု ရော်ဘာပင်ကို ပြောဆိုလျှင် ရော်ဘာပင်မှ "အဖေသားရဲ့အစေးတွေကို ခြစ်ယူရောင်းချ၍ အလိုရှိရာကို ဝယ်ယူသုံးစွဲပါ။ သားပေးပါမည်။ သို့သော် သားရဲ့အသားကိုမထိစေဘဲ အခေါက်ကိုသာလှီးယူသုံးစွဲပါလေ"ဟု ရော်ဘာအစေးထုတ်ယူပုံ အရေးပါပုံနှင့် ရော်ဘာပင်များရှိနေပါက မိသားစုစားဝတ်နေရေးအတွက် မပူရ မပင်ရအားကိုးရပုံကို သာဓကအဖြစ် မှတ်သားရလေသည်။ ထို့ကြောင့် ရော်ဘာပင်ပိုင်ရှင်များက သားသမီးတိုင်းအားကိုးမရသော်လည်း ရော်ဘာပင်တိုင်းကို အားကိုးရသည်ဟု ဆိုစမှတ်ပြုကြသည်။ ထို့ကြောင့်လည်း ယခုအခါတွင် ရော်ဘာပင်များကို မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင်သာမက မြန်မာနိုင်ငံအထက်ပိုင်းဒေသများဖြစ်သော ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးထုတ်လုပ်လာသည်ကို တွေ့ရှိရသည်။ ယနေ့ကမ္ဘာပေါ်တွင် ရော်ဘာအထွက်ဆုံးနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင်မွန်ပြည်နယ်သည်ရော်ဘာအထွက်ဆုံးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ရော်ဘာပင် စိုက်ပျိုးထုတ်လုပ်ရန် သဘာဝရေမြေ ရာသီဥတုကောင်းမွန်သောကြောင့် ရွှေဖြူဟု တင်စားခေါ်ဝေါ်လျက်ရှိသောအဖိုးတန်လှသည့်ရော်ဘာပင်များကို ယခုထက်ပိုမိုစိုက်ပျိုးသွားမည်ဆိုပါက နိုင်ငံတော်၏ အနာဂတ်သည် ပိုမိုလှပစိုပြည်လာမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။

သတင်းတို

မီးဘေးသင့်ပြည်သူများအတွက် တိုက်ခန်းများ ဆောက်လုပ်ပေး

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မအိုင်ကျေးရွာ အုပ်စု ပထက်ကျေးရွာရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် သစ်စက်ဝန်ထမ်းအိမ်ရာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် မီးလောင်မှုတွင်ပါဝင်သော မီးဘေးဒုက္ခသည် အိမ်ထောင်စုများကို ပထက်ကျေးရွာ ဆင်မယဉ်သာဘုန်းကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ အဆောက်အအုံများပြန်လည်ဆောက်လုပ်ရန် သဲဖို့ခြင်း၊ မြေပြုပြင်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါမီးလောင်မှုကြောင့် မီးဘေးဒုက္ခသည် အိမ်ထောင်စု ၉၈ စုရှိ ပြီး လူဦးရေ ၄၀၀ ကျော်ရှိကြောင်းသိရသည်။ ၄င်းမိသားစုတစ်စုအတွက် တစ်ခန်းကို အလျား ၃၅ ပေ၊ အနံ ၁၅ ပေရှိသော သွပ်မိုးအုတ်တိုက် တစ်လုံးကို ၁၆ ခန်းပါ သုံးထပ်အုတ်တိုက် ခြောက်လုံး စုစုပေါင်း အခန်း ၂၈၈ ခန်းကို ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်ပေးလျက်ရှိကြောင်း အဆိုပါကုမ္ပဏီလီမိတက် တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

မိုးဟိန်း(မြိတ်)

ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေး ဥရုမေတ္တာကုမ္ပဏီမှ အလှူငွေပေးအပ်

ဥရုမေတ္တာ သော်တာရွှေစင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အလှူငွေလှူဒါန်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် မှန်ပင်ကျေးရွာအလှူရှင် ဒေါ်ညွန့်လှိုင် (ခ)ဒေါ်ကြည်၏နေအိမ်၌ကျင်းပသည်။ ရှေးဦးစွာ အလှူရှင် ဒေါ်ညွန့်လှိုင်(ခ)ဒေါ်ကြည်က မိမိဒေသအတွင်းဖွံ့ဖြိုးတိုးတက်စေလိုသည့်ဆန္ဒရှိသည့်အတွက် အလှူငွေများလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အလှူရှင်၏ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လှူဒါန်းမှုများတွင် ခန္တီးမြို့နယ် မှန်ပင်ကျေးရွာ၊ ဖောင်ဆိုင်ကျေးရွာ၊ ကောင်းမှူးကျေးရွာ၊ ထမံသီကျေးရွာများ၏ ဘာသာရေးအတွက် ငွေကျပ် ၃၈ သိန်း၊ ပညာရေးအတွက် ငွေကျပ်သိန်း ၁၀၀၊ ကျန်းမာရေးအတွက် ငွေကျပ် ၃၅ သိန်း၊ လူမှုရေးအတွက် ငွေကျပ် သိန်း ၂၀၀နှင့် ဆောက်လုပ်ရေးပစ္စည်းများအပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၃၀၀ကျော် လှူဒါန်းခဲ့ရာ မှန်ပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ အဖွဲ့ဝင်ဦးအေးကို၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနော်လေးနှင့် ကျေးရွာအလိုက်တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။ **ချန်လော**

(၄၂)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဖေဖေ၊ မေမေ၊ ဘိုးဘိုး၊ ဘွားဘွား ဦးဝင်းမောင်-ဒေါ်ညွန့်ညွန့်ဝင်း(မန္တလေး)တို့ကို ရိုသေစွာ ဂါရဝပြုရင်း ၂၂-၂-၂၀၁၄ရက်တွင် ကျရောက်သော (၄၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှ သက်ဆုံးတိုင် စိတ္တသုခ ကာယသုခနှစ်ဖြာ ပြီးပြည့်စုံပြီး အမျိုး၊ဘာသာ၊သာသနာအကျိုးကို ကျန်းကျန်းမာမာနှင့် အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့စွာ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သား၊ ချစ်သမီးများ - ဗိုလ်ချုပ်မင်းနောင်-ဒေါက်တာယုယုမောင်
ဒေါက်တာထွန်းဝင်းအောင် Ph.D(English)-
ဒေါ်နီလာမောင် M.A (English)
ကိုသူရိန်မောင် B.A (English)

ချစ်မြေးများ - ဖြူစင်သွန်းဝေကို (အထက-၁၆)၊ မန္တလေး
William Aung (Wee Wee Wows)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဆရာမကြီး ဒေါ်သိင်္ဂီဦး (ကျောင်းအုပ်ဆရာမကြီး၊ အထက-၄ တာမွေ)၏ မွေးနေ့မှသည် နှစ်ပေါင်းများစွာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘာသာအကျိုး၊ သာသနာအကျိုး၊ တပည့်များအကျိုး ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

သားတပည့်
ဦးဇော်သိန်း
လက်ထောက်ဦးစီးမှူး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ဆက်သွယ်ရန်

ဦးစန္ဒိမာ(ခ)ကိုစောလွင် သင်၏ဖခင် ဦးကြည်သောင်း အသဲအသန်ဖြစ်နေသည်။

ဆက်သွယ်ရန် - ဦးဝင်းမြင့်သိန်း၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ရေကြည်ပေါက်ရွာ၊ ဖုန်း-၀၉-၄၀၂၅၉၆၇၆၁

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၅၀၅၊ မြေကွက်တည်နေရာအမှတ် ၅၀၅၊ စပါယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးဝင်းမောင်၊ ဦးတင့်လွင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် ဦးဝင်းမောင် ၁၂/သကတ(နိုင်)၁၀၁၅၃၆ ကွယ်လွန်သဖြင့် ၄င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြရှင် ၁၂/သကတ(နိုင်)၁၀၁၅၂၇နှင့် ကျန်အမည်ပေါက် ဦးတင့်လွင် ၁၂/ဒပန(နိုင်)၀၃၂၉၃၈ တို့ထံမှ GP၂၃၂၆၉/၁၃၊(၁၉-၁၁-၁၃)၊ ၂၃၂၆၈/၁၃၊(၁၉-၁၁-၁၃)ဖြင့် ရရှိသူ ဦးသိန်းဇော် S/DGNMTT- ၀၀၀၂၇၉ မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးဝေလင်း၏သား တောင်ငူလေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ပထမတန်း(A)မှ မောင်ကြယ်စင်လင်းအား မောင်ကောင်းစစ်နိုင်ဟု ခေါ်ဆိုပါရန်။

ကောင်းစစ်နိုင်(တောင်ငူ)

အမည်ပြောင်း

ဦးဗန်ဒိုလူလေး ၆/လလန(နိုင်) ၀၀၄၉၆၇ ၏သမီး ကောင်းမြတ်သာကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော မချိုဇင်အောင်အား မချိုချိုအောင်ဟုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ဝေဒီကျေးရွာ၊ သူရဲတွင်း မူလတန်းကျောင်း တတိယတန်းတွင် ပညာသင်ကြားနေသော မောင်ရဲရင့်အောင်အား ရဲနိုင်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁-၂၀၁၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(က) ဒေါပုံမြို့နယ် ဦးကျော်ကျော်ထွန်း+၁၏ ပိုင်ဆိုင်မြေပုံကူးတွင် တစ်ဦးတည်းသောသား ဦးကျော်ကျော်ထွန်းဟု ကြော်ငြာထားခြင်းအား ဦးကျော်ကျော်ထွန်း၏ညီ ဦးအောင်သက်နိုင်သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ပြီး ဆက်ခံသူ ကိတ္တိမသားသမီးမရှိပါသဖြင့်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ငါ/၉၁၅၁ Toyota Max X ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းအောင် ၁၃/လခန(နိုင်)၀၂၇၃၃၉၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မေတ္တာပုညကာရီ ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်ဖြူက ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်းကို ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်က သန်းခေါင်စာရင်း ရည်ညွှန်းချိန်နှင့် သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများ၊ သန်းခေါင်စာရင်းထည့် မကောက်ရမည့်သူများ ဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်တာဝန်ခံများ၊ မြို့မမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှလှ**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

မောက်မယ် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ် လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအင်ဂျင်နီယာဦးဝေဖြိုးလင်းနှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အတွင်းရှိ အနော်ရထာလမ်း ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု၊ မောက်မယ်-ဝမ်ဟတ်-လင်းခေးကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးဆောင်ရွက်မှု၊ မောက်မယ်-နမ့်လွတ် ကျောက်ချောလမ်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းရှိ သိပ္ပံကျောင်းဆောင်သစ် ပေ(၆၀×၃၀) ဆောက်လုပ်ပြီးစီးမှု၊ မီးသတ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် ကုန်းဆာအမက ပေ(၆၀×၃၀) ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မောက်မယ်-မိုးနဲ လမ်းပေါ်ရှိ မိုင်တိုင်(၁၉)နှင့် (၈)အကြားရှိ ကတ္တရာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများတွင် ရေရရှိရေး၊ မီးရရှိရေး လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

စိုင်းမျိုးသန့်

သတင်းတို

ဓမ္မသဘင် ကျင်းပမည်

(၁၅)ကြိမ်မြောက် ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင် တရားပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ တရားပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်တွင် ညစဉ် ၇ နာရီခွဲမှစတင်၍ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၄ ရက်တွင် အရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသ(သီတဂူ)၊ ဖေဖော်ဝါရီ၂၅ ရက်တွင် ဘဒ္ဒန္တအာလောက (ကျိုက်သာယာ)၊ ဖေဖော်ဝါရီ၂၆ ရက်တွင် အရှင်ရာဇိန္ဒ(ရဝေနွယ်)၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဒေါက်တာပညိဿရ (ဓမ္မဒူတ)၊ ဖေဖော်ဝါရီ ၂၈ရက်တွင် ဘဒ္ဒန္တကောသလ္လ(ဓမ္မစေတီ) ဆရာတော်တို့ဟောကြားမည်ဖြစ်၍ တရားတော် နာယူနိုင်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်တရားပွဲတွင် အများ၏စုပေါင်းဒါနဖြင့် တရားနာပရိသတ်တို့အား ကားကြိုပို့စီစဉ်ပေးခြင်း၊ အာဟာရဒါန၊ ဓမ္မဒါန လက်ဆောင်များ စီမံပေးခြင်း၊ ဓမ္မရသပြန့်ပွားရေးဆိုင်ဖွင့်လှစ်၍ ဈေးအရင်းအတိုင်း ရောင်းချကာ ကုသိုလ်ယူခြင်း စသည်ဖြင့် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ကိုကျော်(သုံးခွ)

ကသာမြို့တွင် မျက်စိဝေဒနာရှင် ၂၀၀၀ ကျော်အား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု ပြုလုပ်ပေး

ကသာ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် WILMAR အင်တာနေရှင်နယ် လီမိတက်နှင့်ဂရိတ်ဝေါလ် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်တို့က အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုပြုလုပ်ပေးခဲ့ကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဦးဆောင်လမ်းညွှန်မှု၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ညွှန်ကြားမှုဖြင့် ကသာခရိုင် ပြည်သူ့ဆေးရုံနှင့် ထီးချိုင့်မြို့နယ် ပြည်သူ့ဆေးရုံ၊ မြတောင်တိုက်နယ် ပြည်သူ့ဆေးရုံတို့တွင် စစ်ကိုင်းတိုင်းဒေသကြီး မျက်စိအထူးကုဆရာဝန်ကြီးများက ကြီးကြပ်၍ ပူးပေါင်း ဆောင်ရွက်မှုဖြင့် အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသမှုပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အဖွဲ့ဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းထိုက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ မျက်စိဝေဒနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဂရိတ်ဝေါလ် စားသောက်ကုန် လုပ်ငန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးရခြင်း အကြောင်းကို ပြောကြားသည်။

အဆိုပါ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ကသာမြို့ သာသနပဇ္ဇောတာရုံ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ပြုလုပ်ပေးမည်ဖြစ်ပြီး မျက်စိဝေဒနာရှင်ပေါင်း ၂၀၀၀ ကျော် ရှိကြောင်း သိရသည်။

လှအောင်(ကသာ)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး
နိုင်ငံခြားသားဧည့်ဝင်ကြေးကို အမေရိကန်ဒေါ်လာအစား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်လေ့လာကြသော နိုင်ငံခြားသား ခရီးသွားဧည့်သည်များအား ဧည့်ဝင်ကြေးအဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၈)ဒေါ်လာ ကောက်ခံလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ နိုင်ငံခြားသား ဧည့်ဝင်ကြေးကို အမေရိကန်ဒေါ်လာဖြင့် ကောက်ခံခြင်းမပြုတော့ဘဲ နိုင်ငံခြားသားတစ်ဦးလျှင် မြန်မာကျပ်ငွေ ၈၀၀၀ိ/-(ကျပ်ရှစ်ထောင်တိတိ)ဖြင့် ပြောင်းလဲကောက်ခံသွားမည် ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဌာန/အသင်းအဖွဲ့များအားလုံး သိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

ဂေါပကအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်တွင် ဆောက်လုပ်မည့် စုစုပေါင်းကြမ်းခင်းဧရိယာ ၁၂၀၀၀၀ စတုရန်းပေရှိ လေးထပ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအားမြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၇-၂-၂၀၁၄ရက် ၀၉:၃၀ နာရီ

တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန် - ၂၄-၂-၂၀၁၄ရက် ၁၆:၃၀ နာရီ

Technical Proposal နှင့်Price Proposal

နောက်ဆုံးထား၍တင်သွင်းရမည့်ရက်၊အချိန် - ၃၁-၃-၂၀၁၄ရက် ၁၆:၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကိုရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၃၀၀၀၀ နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်အား ၂၇-၂-၂၀၁၄ ရက် ၁၃:၀၀နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇ ၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဓ/၁၆၃၉၊ Thit Sar Min L/T,P/U ယာဉ်လက်ဝယ်ရှိသူ မောင်ဝင်း(ခ)ကျော်ဝင်းအောင် ၉/ခအဓ (နိုင်)၀၀၁၆၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄I၊ မြေကွက်အမှတ် ၂၃/၅၃၊ မြေကွက်တည်နေရာအမှတ်-၇၉/၈၀၊ စက်မှု ၁ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် ဦးတင်ထွေး-ဒေါ်အုန်းကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ထွေးကွယ်လွန်သဖြင့် ဒေါ်အုန်းကြည် ၁၂/ကမတ(နိုင်)၀၃၄၉၇၉က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၂၇၄၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၅၄၆၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပေ ၅၅၀ အရှည် မြောက်ယမားချောင်းဖြတ် ရွှေဆံပင်တံတားကြီး တည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၆၀ ကျော်၊ လူဦးရေငါးသောင်းကျော် မှီခိုအားထားရာနှင့် အလောင်းတော်ကဿပသို့သွားရောက်ရာ မူလပင်မလမ်းဖြစ်သော လည်ပေါက်-ချင်ပြစ် ရွှေဆံပင်တံတားလမ်းတွင် ၂၁ စင်းမြောက် တည်ဆောက်ပြီးစီးပြီဖြစ်သည့် ရွှေဆံပင်တံတားကြီး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် သံဃာတော်အပါး ၃၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချအမှူဝေပွဲကို မတ် ၂၄ ရက်တွင် အဆိုပါ တံတားကြီးပေါ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေဆံပင်အလှူခံဌာန အကျိုးတော်ဆောင် ဆရာတော်ဦးသုဘောဂထံမှ သိရသည်။

ရွှေဆံပင် တံတားလမ်းဖြစ်ပေါ်လာခြင်းမှာ ဆရာတော် အရှင်ဝေပုလ္လ (သာသနဓဇ၊ ဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ)သည် ဇာတိရွာရှိသည့် ထိုဒေသကို ကိစ္စတစ်ခုဖြင့် ကြွရောက်ပြီးအပြန် ဆရာတော်စီးသည့်ကားနှင့် အတူ အသက် ၂၀ အရွယ်ရှိဗိုက်နာနေသည့် မိန်းကလေးလူနာတစ်ဦး ဆေးရုံတက်ရန် လိုက်ပါလာခဲ့သည်။ ဆေးရုံနှင့် ၁၀ မိုင်ကျော်ခန့် ကွာဝေးသော်လည်း လမ်းမကောင်း၍ သုံးနာရီလောက်မောင်းသည့်တိုင် ဆေးရုံကို မရောက်သေးပေ။ ကားပေါ်ပါလာသည့် လူနာမိန်းကလေးအခြေအနေကို ကြည့်လိုက်သည့်အခါ အသက်မရှိရှာတော့ချေ။ မသေသင့်ဘဲ သေဆုံးသွားခဲ့ရပြီး ဆေးရုံကို အချိန်မီ မရောက်နိုင်ခဲ့တာဟာ လမ်းမကောင်းလို့ဘဲဟုတွေးမိပြီး ဒီလမ်းကြီးပြင်နိုင်အောင် ကြိုးစားမည်ဟု ဆရာတော်က ဆုံးဖြတ်ခဲ့သည်။ ဤလမ်းပေါ်တွင် ထိုအဖြစ်အပျက်မျိုး မကြာခဏ ဖြစ်နေသည်ကိုလည်း ကြားသိနေခဲ့ရသည်။

လူဦးရေငါးသောင်းကျော် မှီခိုအားထားရာရွှေဆံပင်တံတား...

၂၀၀၆ ခုနှစ် ဒီဇင်ဘာလပိုင်းက ဆရာတော် အရှင်ဝေပုလ္လသည် ဒေသခံဆရာတော်ကြီးများ၏ သြဝါဒခံယူပြီး ပတ်ဝန်းကျင်ကျေးရွာ ၆၀ ကျော်မှ ဆရာတော်များ သက်ဆိုင်ရာတာဝန်ရှိသူများဖိတ်ကာ ပုလဲမြို့နယ် ရွာနောင်ရွာတွင် အစည်းအဝေးကျင်းပသည်။ ယင်းအစည်းအဝေးတွင် ဆရာတော်အပါး ၈၀ ကျော်တို့က တစ်ပါးလျှင်ငွေကျပ်ငါးသောင်းစီ လှူခဲ့သည်။

ဆရာတော် အရှင်ဝေပုလ္လသည် တစ်ရွာဝင်တစ်ရွာထွက်လှည့်လည်ပြီး ဒီလမ်းကြီးအတွက် နေ့စဉ်ချွေတာကြပါဟု စည်းရုံးသည်။ သို့ဖြစ်၍ မည်သူမျှ မပင်ပန်းဘဲ ငွေကျပ် သိန်း ၃၀၀ ကျော် ၄၀၀ နီးပါး စုဆောင်းနိုင်ခဲ့သည်။ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်အတွင်း ငွေကျပ်သိန်း ၈၀၀ ကျော် အထိ ရရှိခဲ့သည်။

၂၀၀၉ ခုနှစ်မှာ တစ်ကမ္ဘာလုံး စီးပွားရေးကျပ်တည်းကြရာ ၎င်းနယ်မြေမှာလည်း ကျပ်တည်းနေကြသဖြင့် ဆရာတော်တို့အလှူခံရန် ဝန်လေးခဲ့သည်။ လမ်းကလည်း တစ်ဝက်တစ်ပျက်ပဲပြီးသေးရာ ကိုရင်၊ ဦးဥင်း ၁၀ ပါး၊ စေတနာ့ဝန်ထမ်းကျောင်းသား ၁၅ ဦးဖြင့် လမ်းပေါ်မှာ တဲထိုးပြီး လုပ်ကိုင်ကြသည်။ ဦးပဥ္ဇင်းတွေတောင် လုပ်ကြသေးတယ်ဆိုပြီး ပတ်ဝန်းကျင်ရွာများက ဝိုင်းဝန်းပြီး လုပ်အားဒါနများပေးကြသည်။ မိုင် ၃၀ လောက်ဝေးသည့် ရွာတွေကပါ လုပ်အားဒါနတွေလာရောက် လုပ်ဆောင်ခဲ့ကြသည်။ ဆားလင်းကြီးမြို့နယ်၊ ကံကုန်းရွာဆိုလျှင် လူပေါင်း ၄၀၀ ကျော်ဖြင့် လုပ်အားဒါန လာပေးကြသည်။

ပုထိုးသားရွာသူ မမျိုးအေးဆိုသည့် အမျိုးသမီးတစ်ဦးက လှူချင်စိတ်ပေါက်လာ၍ဟုဆိုကာ သူ့ဆံပင်လေးဖြတ်ရောင်းပြီး လမ်းအတွက်လှူသည်။ နောက်နေ့တွင် ပုထိုးသားရွာက အမျိုးသမီး ၄၀ ကျော်တစ်ပြိုင်တည်း ဆံပင်တွေဖြတ်ရောင်းပြီး လာလှူကြသည်။ တခြားရွာက အမျိုးသမီးများကလည်း လှူချင်ကြသည့်အကြောင်း လျှောက်ထားကြသည်။

ဆံပင်တွေ လမ်းတံတားအတွက် လှူခြင်းသည် ဒါနဥပပါရမီမြောက်၍ ကုသိုလ်ဖြစ်ခြင်း၊ ဒေသနှင့်တိုင်းပြည်အတွက် အကျိုးသက်ရောက်မှုရှိခြင်း၊ မည်သူ့အပေါ်မှလည်း နစ်နာထိခိုက်မှုမရှိခြင်း စသည့်အချက်များ သုံးသပ်ပြီး ရွှေဆံပင်တံတားတည်ဆောက်မည်ဟု ဆရာတော်က ကြေညာသည်။ ရွှေဆံပင်တံတားဟု ကြားသိလိုက်ရသည့် ပါရမီဓာတ်ခံရှိသည့် အမျိုးသမီးတိုင်း လှူချင်စိတ်ပေါက်ပြီး လှူကြသည်မှာ ရွှေဆံပင်တံတားကြီး ပြီးမြောက်သည် အထိ ဖြစ်သည်။

ရွှေဆံပင်လမ်းမှာ အရှည်မိုင် ၂၀ နှင့် တံတား ၂၂ စင်းပါဝင်သည်။ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် ပေ၅၅၀ အရှည်ရှိ ရွှေဆံပင်တံတားကြီးမှာ မြောက်ယမားချောင်းကို ဖြတ်ကျော်တည်ဆောက်ထားပြီး သံကူကွန်ကရစ် အမျိုးအစားတံတားကြီး ဖြစ်သည်။ ရွှေဆံပင်တံတားကြီးပြီးမြောက်သွားပြီဖြစ်၍ မြန်မာပြည်အရပ်ရပ်မှ ပြည်သူများ အလောင်းတော်ကဿပသို့ဘုရားဖူးသွားရန်လည်းကောင်း၊ ရွာပေါင်း ၆၀ ကျော်ရှိ လူပေါင်းငါးသောင်းကျော်တို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အတွက်လည်းကောင်း များစွာအထောက်အကူပြုလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အောင်အောင်

လယ်ယာသုံးစက်ပစ္စည်း ထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းဖွင့်

လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် တောင်သူများအနေဖြင့်စက်မှုပစ္စည်းများကိုယခင်ကထက်ပိုမိုသုံးစွဲလျက်ရှိပြီး လုပ်ငန်းခွင်၌ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်စေရေး၊ စနစ်တကျပြုပြင်ထိန်းသိမ်းနိုင်စေရန် ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနကကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ ၂၂ ရက်အထိလုပ်ငန်းခွင်ဝင်တောင်သူများကို သင်တန်းပို့ချလျက်ရှိသည်။ "တောင်သူတွေကို သင်တန်းပို့ချပေးရတာက စက်ပစ္စည်းကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းတတ်လာမယ်၊ ပျက်စီးဆုံးရှုံးမှုနည်းမယ်၊ လုပ်ငန်းကိုအရင်ကထက်တွင်တွင်ကျယ်ကျယ် အသုံးချနိုင်မယ်၊ အခုတက်ရောက်လာ တဲ့သူတွေကတစ်ဆင့် အခြားသူတွေကို လက်ဆင့်ကမ်းပညာပေးနိုင်တဲ့ အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီးအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်"ဟု သင်တန်းနည်းပြဆရာတစ်ဦးဖြစ်သူဦးဝင်းနိုင် (စက်အုပ်) က ရှင်းပြသည်။ အဆိုပါသင်တန်းတွင် ကုန်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကုန်းကြီး၊ ပြီစုတ်၊ အင်ကြင်းကုန်း၊ ကြို့ပင်ထိုက်ကျေးရွာများမှတောင်သူ ၃၁ ဦးတက်ရောက်သည်။ "ကျွန်တော်တို့အခုနွေစပါးစိုက်ဖို့ထယ်ထိုးနေပြီ၊ စက်ကပျက်လိုက် ပြန်ပြင်လိုက်ဖြစ်နေတာ၊ ဒါနဲ့သင်တန်းလာတက်ဖြစ်တာပါ၊ လုပ်တဲ့ကိုင်တဲ့ အမှားတွေကိုလည်း ပိုသိလာတယ်။ တောင်သူတွေအတွက်အများကြီးအကျိုးရှိစေပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးကပြောပြသည်။ စက်မှုအခြေခံသင်တန်းတက်ရောက်လာသည့်တောင်သူများကိုမြို့နယ်စက်မှုလယ်ယာဦးစီးဌာနက နေ့လယ်စာကိုပါ စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ဖြိုးလွင်အောင်

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၁၇၄၀ Toyota Landcruiser Prado KDJ 95 ယာဉ်လက်ဝယ်ရှိသူ ဦးသူရဝင်း ၈/ပခက(နိုင်)၁၄၈၀၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဆင်ပေါင်ဝဲမြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၈

မဝင်းအေး နှင့် မောင်ကျော်တိုင်း

တရားလို **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ စည်တိုင်းအလယ်ရွာကျေးရွာနေ မောင်ကျော်တိုင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ်၅ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၅ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဌေးဌေးမော်)
မြို့နယ်တရားသူကြီး
ဆင်ပေါင်ဝဲမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသာယာရပ်ကွက်၊ မြေကွက်အမှတ်(၁၇၇)၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ စလစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို သန်လျင်မြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနတွင် အမည်ပေါက်သူ ဦးဝင်းမောင် CK-၀၁၆၄၄၅ထံမှ အရပ်စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထား၍ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ဝင်း ၁၄/လပတ(နိုင်)၀၇၄၉၈၃ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးအပ်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**	**ဒေါ်ရတနာဌေး**	**ဦးနိုင်မင်း**
LL.B	**LL.B,DBL,DML**	**LL.B,DBL**	**LL.B**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**	**(စဉ်-၃၈၄၉၇)**	**(စဉ်-၃၈၀၃၀)**

အာရှမြေ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀၊ ၀၅၆-၂၃၁၅၉

အမွေစားအမွေခံအဖြစ်မှ မသက်ဆိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စံပါယ်ခြံလမ်း၊ အမှတ်(၃၁)နေ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သူ ဒေါ်သိန်းဟန် ၁၂/လမန(နိုင်)၀၁၂၀၃၄၏မြေး ဦးသိန်းထိုက်၁၂/လမန(နိုင်)၀၁၁၅၈၄-ဒေါ်နွဲ့ရီဝင်း ၁၂/လမန(နိုင်)၀၁၅၄၃၆တို့၏တူဖြစ်သူ မောင်အောင်မျိုးသူ ၁၂/လမန(နိုင်)၁၅၀၃၅၃သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ပါသဖြင့် အမွေစားအမွေခံဆွေမျိုးတော်စပ်သူအဖြစ်မှ အပြီးအပိုင်မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ နောက်နောင်တွင် မောင်အောင်မျိုးသူနှင့်ပတ်သက်၍ မည်သည့်ကိစ္စရပ်မျိုးကိုမျှ ကျွန်ုပ်တို့၏ မိတ်ဆွေများက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း တစ်ပါတည်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးသန့်ဇင်	**ဒေါ်ဟန်နွေနိုင်**	**ဒေါ်ခင်စန္ဒာမြင့်**
LL.B	**LL.B**	**LL.B**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၇၃၁၇၀၅၁၆	**ဖုန်း-၀၉-၄၂၀၀၇၃၆၈၅**	**ဖုန်း-၀၉-၄၃၀၄၁၆၈၇**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထင်လင်းအောင် ၁၂/စခန(နိုင်)၀၆၆၈၆၆၏ နိုင်ငံကူးလက်မှတ်အမှတ် M-269748 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၃၄၄၀၁

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမထွေထွေအမှုအမှတ်-၉

ကွယ်လွန်သူ ဒေါ်မြသန္တာခိုင်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဦးဇော်လင်းအောင် **လျှောက်ထားသူ**
၁၂/ကပက(နိုင်)၀၅၉၅၀၂
အမှတ် (၆)၊ ရွှေညောင်ပင်လမ်း၊
ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။

အထက်ဖော်ပြပါလိပ်စာနေ ဦးဇော်လင်းအောင်မှ ကွယ်လွန်သူဒေါ်မြသန္တာခိုင်၏ခင်ပွန်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်မြသန္တာခိုင်၏ မြန်မာ့စီးပွားရေးဘဏ်၊ သန်လျင်မြို့နယ်တွင် စုဆောင်းငွေကျပ် ၂၆၀၃၈၉၄·၄၀(ကျပ်နှစ်ဆယ့်ခြောက်သိန်းသုံးထောင်ရှစ်ရာ ကိုးဆယ်လေးနှင့် ပြားလေးဆယ်)တိတိကို ထုတ်ယူနိုင်ရန်နှင့် ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံးသို့လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်မြသန္တာခိုင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် မတ် ၇ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၇ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးဇော်လင်းအောင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဒေါ်စုငယ်
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

ပန်းတနော်တွင်စိုက်ပျိုးရမည့် ကွမ်းညွန့်များ အဝယ်ဈေးနှုန်းမြင့် တက်လျက်ရှိ

ပန်းတနော် ဖေဖော်ဝါရီ ၂၁

ကွမ်းရွက်ဈေးနှုန်း မတည်ငြိမ်မှုများဖြစ်ရခြင်းကြောင့် စိုက်ပျိုးရမည့် ကွမ်းညွှန့်များမှာ အဝယ်ဈေးနှုန်းများ မြင့်တက်လျက်ရှိနေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ထွက်ကွမ်းမှာ ပျော့ပျောင်းနူးညံ့ပြီး ရောင်းပန်းလှသောကြောင့် အနယ်နယ်အရပ်ရပ်ရှိ ကွမ်းအရောင်းဒိုင်များမှ အထူးကြိုက်နှစ်သက်လျက်ရှိသည်။

ကုလားစုကျေးရွာမှ ရွာခံတစ်ဦးက "ကွမ်းညွှန့် တစ်ညွှန့်ကို ဈေးနှုန်း ၇၀ ကျပ်နှင့် ၈၀ ကျပ်လောက်တော့ ရှိပါတယ်။ အရင်တုန်းက ကွမ်းညွှန့် တစ်ညွှန့်ကို ငွေကျပ် ၃၀ နဲ့ ၃၅ ကျပ်ပဲရှိခဲ့တယ်။ မြောင်းမြမြို့နယ် သိမ်လွှာကျေးရွာကနေ ဝယ်ယူကြပါတယ်။ ပန်းတနော်ကွမ်းဆို အဝယ်ဒိုင်အားလုံးက ကြိုက်နှစ်သက်ကြတယ်။ အရင်တုန်းက ကျူတိုင်က တစ်တိုင်ကို ငွေကျပ် ၁၀ ပဲရှိတာပါ။ အခုကျတော့ ၁၂ ကျပ် ဖြစ်နေပါပြီ၊ အရင်ကစိုက်တဲ့သူ နည်းပြီး ဒီနှစ်စိုက်တဲ့သူတွေများလာပါတယ်။ အခုချိန်က ကွမ်းဈေးကောင်းနေချိန်ပါ။ ကွမ်းညွှန့်ဖြတ်ရောင်းစားကြတဲ့သူတွေက ကွမ်းရွက်ရောင်းမစားကြပါဘူး၊ ကွမ်းညွှန့်ဖြတ်ရောင်းစားတဲ့သူတွေက ပိုအဆင်ပြေကြတယ်။ တော်သလင်းရောက်ရင် ကွမ်းဈေးကောင်းရနိုင်ပါတယ်" ဟု ရှင်းပြသည်။

ပန်းတနော်မြို့နယ် ကျေးရွာများရှိ ကွမ်းစိုက်ခင်းများမှထွက်ရှိသော ကွမ်းရွက်သည် လူကြိုက်များသော ကွမ်းအမျိုးအစားဖြစ်သည်။

ပန်းတနော်မြို့နယ်တွင် အအေးဓာတ် ပိုကဲလာပြီး မြူနှင်းများအုံ့ဆိုင်းလာခြင်းကြောင့် အအေးဒဏ်ထိမည့် ကွမ်းပင်များမှာ အရွက်ကုတ်ကာ ကွမ်းရွက်အထွက်နည်းမည်ကို စိုးရိမ်နေကြကြောင်းလည်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ–စိုးဝင်း(SP)

မကွေးမြို့ပေါ် ၁၅ ရပ်ကွက်နှင့် ကျေးရွာ ၂၁၆ ရွာတို့ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်တော့မည်

မကွေး ဖေဖော်ဝါရီ ၂၁

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ မကွေးတစ်မြို့နယ်လုံးအနေဖြင့် စက်ရေတွင်းပေါင်း ၃၂၄၀၊ မြစ်ရေတင်စက်တစ်ခု၊ မိုးရေလှောင်ကန် ၁၄၃ကန်၊ လက်နှိပ်တုံကင် ၃၇၈၀၊ လက်တူး ၆၆၆ တွင်း စုစုပေါင်း၇၈၃၀ တူးဖော်ခဲ့ပြီးဖြစ်သည်။ ထပ်မံ၍လည်း သောက်သုံးရေဖူလုံစေရေး ဆောင်ရွက်မည် ဖြစ်သည်။

ပူပြင်းခြောက်သွေ့သော နွေကာလ၌ ရေအခက်အခဲမရှိစေရေးအတွက် မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ရေပေးဝေရေးလုပ်ငန်းဖြစ်သည့် စက်ရေတွင်း၂၀၊ မြစ်ရေတင်တစ်ခုတို့မှရေကို မြို့ပေါ် ၁၅ ရပ်ကွက်သို့ တိုက်ရိုက်ဖြန့်ဝေခြင်းနှင့် ရေလှောင်ကန်သို့ တင်ပို့ပြီး ဖြန့်ဝေသောစနစ်တို့ဖြင့် အိမ်သွယ်ရေတိုင် ၂၈၁၂ တိုင်၊ အများသုံးရေတိုင် ၁၀ များသို့ နေ့စဉ် ရေဂါလန် ၁၀ ဒသမ ၈၅ သိန်း ဖြန့်ဝေပေးလျက်ရှိသည်။

ရေပေးရေးလုပ်ငန်းအပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၁၀ ကေဗွီအေထရန်စဖော်မာ တည်ဆောက်ခြင်း၊ ၄၀၀ ဗို့အားလိုင်းအသစ်ပြောင်းလဲတပ်ဆင်ခြင်း၊ ရေမြုပ်ပန့်များ ပြုပြင်ခြင်း၊ အရန်ရေမြုပ်ပန့်များ ဝယ်ယူခြင်း၊ တွင်းသစ်တူးဖော်ခြင်း စသည့်လုပ်ငန်းများအတွက် ငွေကျပ် ၄၂၅ ဒသမ ၆၆၅ သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ မီးအားမပြည့်ခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်းများ စသည်တို့ဖြစ်ပေါ်လာပါက စက်ရေတွင်းများအား မောင်းနှင်နိုင်ရန်အတွက် Mobile (200 KVA) မီးစက်တစ်လုံး အရန်သင့်ထားရှိခြင်း၊ အရေးပေါ်အသုံးပြုနိုင်ရန်အတွက် ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ် လေးစီး၊ ဂါလန် ၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ငါးစီးတို့အား အရန်သင့်ထားရှိခြင်းတို့ဖြင့် ကြိုတင်စီမံဆောင်ရွက်ထားရှိခြင်းဖြင့် မကွေးမြို့ပေါ်တွင် နွေရာသီရေခက်ခဲမှုကို ကျော်လွှားနိုင်ရန် စီစဉ်ထားရှိသည်ကို သိရသည်။

